ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 25 August 2026 ၁၂၂၈၀

## ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

**ယနေ့ ဖတ်စရာ**

**အိန္ဒိယသမ္မတနိုင်ငံက တပ်မတော်ဆေးတက္ကသိုလ်အတွက် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း**

စာမျက်နှာ » ၈

**လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့ တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

# မန္တလေး-မတ္တရာ ရထားလမ်းပိုင်းရှိ သူရဲဈေး-တောင်ပြုံး၊ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြားသဖြင့် ရထားတိုးချဲ့ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် မ-၄၁၊ မ-၄၃ သူရဲဈေး-တောင်ပြုံးနှင့် မ-၄၂၊ မ-၄၄ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ်အား ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်တွဲနှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် တွဲဆိုင်းဖွဲ့ဆင်ပြီး ဩဂုတ် ၁၉ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးပွဲတော်ကာလအတွင်း ရထားစီးခရီးသည် စီးနင်းမှုများပြားသဖြင့် ဩဂုတ် ၂၂ ရက်မှစတင်၍ မ-၄၅ နှင့် မ-၄၆ ရထားနှစ်စင်း ထပ်မံတိုးချဲ့ပြီး တစ်နေ့လျှင် အစုန်/အဆန်ရထားခရီးစဉ် ခြောက်ခေါက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆





ဘားအံမြို့ အာလဝံအင်း၌ အပန်းဖြေလာရောက်သူများ ဖောင်စီးနေကြသည်ကို တွေ့ရစဉ်။

## သဘာဝအလှအပနှင့် အပန်းဖြေခရီးစဉ်အဖြစ် ဘားအံမြို့ အာလဝံအင်း ဖောင်စီးခရီးစဉ် Social Media တွင် ရေပန်းစားလာ

ရန်ကုန် ဩဂုတ် ၂၄

လတ်တလော Social Media ပေါ်တွင် ရေပန်းစားလာသည့် အာလဝံအင်း ဖောင်စီးခရီးစဉ်သည် သဘာဝအလှအပများကိုခံစားရင်း စိတ်လက်အပန်းဖြေအနားယူနိုင်သည့် ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားဝါသနာရှင်များအကြား စိတ်ဝင်စားမှု မြင့်တက်လာနေကြောင်း Tourism Hpa–An မှ သိရသည်။

အာလဝံအင်းဖောင်စီးခရီးစဉ်တွင် ရသေ့ပျံဂူ၏သဘာဝအလှအပများကို လှေ့လာခံစားနိုင်သည့်အပြင် အင်းအတွင်းဖောင်စီးကာ အေးချမ်းသည့်သဘာဝပတ်ဝန်းကျင်ကို ခံစားနိုင်ပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးနိုင်သည့် အပန်းဖြေခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✣

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ် မြောက်ပိုင်းတို့ကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ် မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## အုတ်ဖိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

အုတ်ဖို ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ တောင်သူဦးကြည်မောင်၏ မိုးစပါးစိုက်ကေ ငါးကေရှိ လယ်မြေတွင် ဗီယက်နမ် ရက် ၁၀၀ မျိုး စိုက်ပျိုးထားသည့်စပါးခင်းအား စံကွက်ရိတ်သိမ်းခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ သာယာဝတီခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် မိုးစပါးစိုက်တောင်သူများတက်ရောက်ကြပြီး မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ကေလျှင် အစိုအထွက်နှုန်း ၁၄၃ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ATOM က ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးအတွက် ‘Bright Futures’ ပညာသင်ဆု မိတ်ဆက်

ရန်ကုန် ဩဂုတ် ၂၄

ငွေကြေးအခက်အခဲကြောင့် တက္ကသိုလ်ပညာရေး ဆက်လက်သင်ယူရန်အခက်အခဲရှိနေသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ATOM က ‘Bright Futures’ ပညာသင်ဆုအစီအစဉ်ကို မိတ်ဆက်လိုက်ပြီး ပညာသင်ဆုရရှိသူ ၁၀ ဦးအား လစဉ်ထောက်ပံ့ကြေးနှင့် ပညာရေးဆိုင်ရာ ကုန်ကျစရိတ်များ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ

# တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ငံ့စီးပွားမြင့်မားရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသည့် မုတ်သုံရာသီရှိသည့်ဒေသဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် အသက်မွေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များအသုံးပြုပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသလို အခြားစီးပွားရေးကဏ္ဍလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာမှုနှင့်အတူ အရေးကြီးသည့်စိန်ခေါ်မှုမှာ စားရေရိက္ခာလုံခြုံရေးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများသည် စက်မှုနည်းပညာကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာမှုနှင့်အတူ စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းကို အဆင့်မြှင့်တင်ထုတ်လုပ်လျက်ရှိသည်။ မြင့်မားလာသောနည်းပညာကိုအသုံးပြု၍ ကန္တာရဒေသများတွင်ပင် စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှေးအစဉ်အဆက် သမားရိုးကျနည်းလမ်းများဖြင့် လုပ်ကိုင်လာခဲ့ကြရာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်မှုနှင့်ပတ်သက်၍ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နောက်ကျကျန်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နည်းပညာ၊ အတတ်ပညာ၊ အသိပညာများ မျှဝေပေးပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ပေးနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ကြသည့် လုပ်ငန်းများတွင် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် လိုအပ်ချက်များရှိနေသည်။ ဥပမာအားဖြင့် ပြည်တွင်းထုတ်ကုန် အသီးအနှံဈေးကွက်တွင် အလားတူပြည်ပမှတင်သွင်းသည့် အသီးအနှံများအား မယှဉ်နိုင်သည်ကို တွေ့ရသည်။ အရည်အသွေး၊ အရွယ်အစား အဆင်းသဏ္ဌာန် အရသာမှအစ ကွာခြားနေသည်။ ယင်းသည် နည်းပညာကွာခြားမှုပင်ဖြစ်သည်။

အဆိုပါလိုအပ်ချက်များကို နိုင်ငံတော်သမ္မတအနေဖြင့် အခါအခွင့်အခြေအနေပေးလာသည့်အခါတိုင်း နိုင်ငံ့အနာဂတ် စီးပွားရေးကောင်းမွန်လာရန်အတွက် အစွမ်းကုန် ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်ကုန်၊ ပြည်ပပို့ကုန်လုပ်ငန်းများမှ ပြည်တွင်းဝင်ငွေ၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) မြင့်တက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်ပြီး နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိနိုင်ရေးနှင့် ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်ရက်ပိုင်းက နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သို့ တရားဝင်ခရီးစဉ်ရောက်ရှိစဉ် အဆိုပါနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသုံးစက်ယန္တရားများ၊ မျိုးစေ့ထုတ်လုပ်မှုနည်းပညာများ၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများစွာရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ကြောင့် ရုရှား၊ ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်း၍ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ခြင်း၊ အသီးအနှံ၊ စားသုံးဆီ၊ စားသောက်ကုန်၊ အသားနှင့် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်းစသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်း၊ စက်ရုံများနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ယန္တရားများ ထုတ်လုပ်ခြင်းနှင့် နည်းပညာအခြေပြု စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

အဆိုပါနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံတွင် အဆိုပါလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ကတိကဝတ်များပြုခဲ့ကြသည်။ ထိုကဲ့သို့ နှစ်နိုင်ငံ စီးပွားရေးဖက်စပ်လုပ်ငန်းများ ထူထောင်နိုင်ခြင်းဖြင့် ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သလို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များသို့ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပြည်တွင်းထုတ်ကုန်များ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးခဲ့သည့် အခွင့်အလမ်းကောင်းများ အနာဂတ်တွင် ပေါ်ထွက်လာတော့မည်ဖြစ်ရာ ပြည်တွင်းရှိ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ကြသူများအနေဖြင့် အခွင့်အလမ်းများကို အခွင့်အရေးအဖြစ် ထိမိစွာ အသုံးချပြီး နိုင်ငံခြားဝင်ငွေရရှိရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၂၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၉၁၁,၂၀၈.၅၃ | ၃၁,၄၃၅,၀၃၂.၂၆ | ၆,၁၁၁,၁၂၂.၆၁ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံး ပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၄ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ – ၈ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၂,၃၉၀ | ၄၃,၀၂၅,၀၀၀ |
| MTSH | ၉,၀၀၀ | ၉,၀၀၀ | ၃,၁၆၄ | ၂၈,၄၇၆,၀၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၇၆ | ၉၈၈,၀၀၀ |
| FPB | ၆,၇၀၀ | ၆,၈၀၀ | ၄၀၆ | ၂,၇၅၀,၈၀၀ |
| TMH | ၃,၇၀၀ | ၃,၇၀၀ | ၁၀၀ | ၃၇၀,၀၀၀ |
| EFR | ၁,၉၀၀ | ၁,၈၅၀ | ၃,၈၆၁ | ၇,၁၇၄,၇၀၀ |
| AMATA | ၄,၁၀၀ | ၄,၂၀၀ | ၁၄၁ | ၅၈၈,၁၀၀ |
| MAEX | ၆,၈၀၀ | ၆,၅၀၀ | ၃၇၆ | ၂,၅၅၃,၃၀၀ |
| MADPL(PLB) | ၆,၁၀၀ | ၆,၁၀၀ | ၂ | ၁၂,၂၀၀ |
| ASPGB(PLB) | ၆,၉၀၀ | ၆,၈၀၀ | ၅,၃၇၄ | ၃၆,၆၅၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


## ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၅ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် )

**ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား **ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**အဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်နှင့် ဆီ ချီးမြှင့်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးကိုယ်စားပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ အခြေခံစားသောက်ကုန်များ ချီးမြှင့်ထောက်ပံ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (၁၀)ပါးအတိုင်း ကျင့်ကြံနေထိုင်ရန်၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်နှင့်ပြည်သူတို့ အကျိုးကို ရေးရှုဆောင်ရွက်ရန် မှာကြားပြီး ပြည်ထောင်စုလွှတ်တော် နာယကကကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆန်နှင့်ဆီ ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



**❍ ATOM မှ**

အက်တမ်(ATOM)၏ 'Bright Futures' ပညာသင်ဆုအတွက် လျှောက်လွှာများကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများသည် အက်တမ် (ATOM) ၏ Facebook၊ Website နှင့် LinkedIn တို့မှတစ်ဆင့် အလွယ်တကူ ရယူနိုင်သည့် ATOM's "Bright Futures" Scholarship Program တရားဝင် လျှောက်လွှာပုံစံဖြင့် လျှောက်ထားနိုင်ကြောင်း၊ ယင်းလျှောက်ထားသူများထဲမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ၁၀ ဦးအား ရွေးချယ်၍ စာသင်ကုန်ကျစရိတ်များအတွက် လစဉ်ထောက်ပံ့ကြေး မြန်မာကျပ်ငွေ သုံးသိန်းအပြင် ကျောင်းလခ၊ စာအုပ်စာတမ်းစရိတ်များအတွက် နှစ်စဉ်ထောက်ပံ့ကြေး မြန်မာကျပ်ငွေ ငါးသိန်း ပါဝင်သည့် ပညာသင်ဆုများကို ပေးအပ်သွားမည်ဖြစ်သည်။ "လူငယ်တိုင်းဟာ ဘယ်လိုပဲ ငွေကြေးအခက်အခဲတွေရှိနေပါစေ မိမိတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်နဲ့ ထိုက်တန်ပါတယ်"ဟု ATOM ၏ အမှုဆောင်အရာရှိချုပ် Mr. Ahmad Abdallah က ပြောကြားထားသည်။




ATOM ၏ 'Bright Futures Scholarship Program အသိပေး ပိုစတာကို တွေ့ရစဉ်။

ပညာသင်ဆုရရှိသူများကို ငွေကြေးလိုအပ်ချက် အထောက်အထား၊ ပညာရေးဆိုင်ရာ ထူးချွန်မှုနှင့် အရည်အချင်းစစ်ဆေးမှုအတွက် လိုအပ်သည့် စာရွက်စာတမ်းများအပေါ် မူတည်၍ ပွင့်လင်းမြင်သာသည့် စိစစ်ရွေးချယ်မှုလုပ်ငန်းစဉ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် ကျောင်းသားကျောင်းသူများအနေဖြင့် စာသင်နှစ်တစ်လျှောက် ကောင်းမွန်သည့် ပညာရေးရလဒ်များကို ထိန်းသိမ်းထားရန်၊ စာသင်နှစ်တစ်ခုစီကို အောင်မြင်စွာ ပြီးမြောက်ရန်နှင့် ပညာသင်ဆု၏ သတ်မှတ်စည်းမျဉ်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်သည်။ ပညာသင်ဆုရရှိသူများကို နိုဝင်ဘာလတွင် ရန်ကုန်မြို့ရှိ ATOM ရုံးချုပ်၌ ကျင်းပမည့် ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားတွင် တရားဝင်ကြေညာပေးသွားမည်ဖြစ်ပြီး အခမ်းအနား တက်ရောက်နိုင်ရေးအတွက် ခရီးစရိတ်များကိုလည်း ATOM က ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အက်တမ်(ATOM) ၏ ကော်ပိုရိတ်ရေးရာ အရာရှိချုပ် ဦးသိန်းဟုတ် ကလည်း အက်တမ် (ATOM) ရဲ့ 'Bright Futures' ပညာသင်ဆု အစီအစဉ်ဟာ အနာဂတ်ခေါင်းဆောင်မှု အခန်းကဏ္ဍတွေမှာ တာဝန်ထမ်းဆောင်ကြမယ့် မြန်မာလူငယ်တွေနဲ့ အတူ အမြဲတမ်း အတူတကွ ရပ်တည်သွားမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရေရှည်ကတိကဝတ်ကို ဖော်ပြနေတာပဲဖြစ်ပါတယ်"ဟုဆိုသည်။

**MT**

**☆ ရွှေဖုံးမှ**

နေ့အလိုက် ရထားစီးခရီးသည် စီးနင်းမှုအနေဖြင့် စတင်ပြေးဆွဲသည့် ဩဂုတ် ၁၉ ရက်က ၄၇၇ ဦး၊ ဩဂုတ် ၂၀ ရက်တွင် ၆၄၅ ဦး၊ ဩဂုတ် ၂၁ ရက်တွင် ၂၈၂၅ ဦး၊ ဩဂုတ် ၂၂ ရက်တွင် ၂၄၁၂ ဦးနှင့် ဩဂုတ် ၂၃ ရက်တွင် ၆၈၃၅ ဦး အထိ လိုက်ပါစီးနင်းခဲ့သဖြင့် စတင်ပြေးဆွဲခဲ့သည့် အချိန်မှ ယနေ့ထိ ခရီးသည် စုစုပေါင်း ၁၃၃၉၄ ဦး လိုက်ပါစီးနင်းခဲ့သည်။

သူရဲဈေး–တောင်ပြုံး ရထားခရီးစဉ်တွင် သူရဲဈေးဘူတာမှ စတင်၍ မ–၄၁ ရထားသည် နံနက် ၇ နာရီတွင် လည်းကောင်း၊ မ–၄၃ ရထားသည် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ မ–၄၅ ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ထွက်ခွာ၍ တောင်ပြုံး–သူရဲဈေး ရထားခရီးစဉ်တွင် တောင်ပြုံးဘူတာမှစတင်၍ မ–၄၂ ရထားသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ မ–၄၄ ရထားသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ မ–၄၆ ရထားသည် ညနေ ၅ နာရီတွင် လည်းကောင်း ထွက်ခွာပြီး လမ်းခရီးတွင် အိုးဘို၊ မြနန္ဒာ၊ ကပိုင် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့်ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်–မန္တလေးလမ်းပိုင်း၊ ရန်ကုန်–ပြည်လမ်းပိုင်း၊ ရန်ကုန်–မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန် မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် သာမက အခြား လမ်းပိုင်းများဖြစ်သော ပုသိမ်–ဟင်္သာတ–ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား–တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန် – ပြည် – ပုဂံ လမ်းပိုင်း၊ မြစ်ကြီးနား – မိုးညှင်း လမ်းပိုင်း၊ သာစည် – ရွှေညောင် လမ်းပိုင်းနှင့် လက်ပံတန်း – သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် သူရဲဈေး–တောင်ပြုံး ရထားခရီးစဉ်တွင် ခရီးသည် စီးနင်းမှု ထပ်မံများပြားလာပါက ရထားထပ်တိုး ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**

**✥ သဘာဝအလှအပမှ**

အာလဝံအင်း ဖောင်စီးခရီးစဉ်သည် Social Media များတွင် ဓာတ်ပုံနှင့် ဗီဒီယိုများ မျှဝေဖော်ပြမှုများပြားလာခြင်းကြောင့် လာရောက်လည်ပတ်လိုသူများ၏ စိတ်ဝင်စားမှုကို ပိုမိုရရှိလာခြင်းဖြစ်သည်။

ဖောင်တစ်စီးလျှင် လူ ခုနစ်ဦးအထိ စီးနင်းနိုင်ပြီး နေ့စဉ်နံနက် ၆ နာရီမှ စတင်ကာ ဖောင်စီးနိုင်ကြောင်းနှင့် ရိုးရိုးဖောင်တစ်စီးလျှင် ငွေကျပ် ၃၅၀၀၀၊ အမိုးပါ ဖောင်တစ်စီးလျှင် ငွေကျပ် ၄၅၀၀၀ သတ်မှတ်ထားသည်။

ထို့ပြင် ကရင်ပြည်နယ် ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် သဘာဝအလှအပများနှင့် အပန်းဖြေလည်ပတ်နိုင်သည့် နေရာများစွာရှိခြင်းကြောင့် လတ်တလောတွင် ဘားအံဒေသသို့ သွားရောက်လည်ပတ်လိုသူများ၏ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာကြောင်းသိရပြီး အထူးသဖြင့် Social Media များတွင် ရေပန်းစားနေသည့် အာလဝံအင်း ဖောင်စီးခရီးစဉ်နှင့် ရသေ့ပျံဂူတို့သည် သဘာဝအလှအပများကို ခံစားရင်း အပန်းဖြေအနားယူနိုင်သည့် နေရာများအဖြစ် ခရီးသွားများ၏ စိတ်ဝင်စားမှု ရရှိလာနေကြောင်း သိရသည်။

**MT**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က အရာထမ်း၊ အမှုထမ်းများ အနေဖြင့် ယနေ့အခမ်းအနားမှရရှိလာသည့် အသိအမြင် ဗဟုသုတများကို မှတ်သားလိုက်နာ၍ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အခြေအနေများကို သတိပြုရှောင်ရှားကြရန်၊ မသမာမှုများ၊ မသင့်လျော်သော အကျိုးခံစားခွင့်များနှင့် အဂတိလိုက်စားမှုဆိုင်ရာ အပြုအမူများကိုတွေ့ရှိပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ရှိသူများထံတင်ပြကြရန်နှင့် အဂတိတရားကင်းရှင်းပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်ကြစေရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးသည်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားသာချက်နှင့် အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စေတုတ္တရာမြို့နယ်၌ ရိုးမသစ်တောထွက်ပစ္စည်း ကုန်ထုတ်သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**စေတုတ္တရာ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ရိုးမသစ်တောထွက်ပစ္စည်း ကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ ၂၀၂၅ –၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရိုးမသစ်တောထွက်ပစ္စည်းကုန်ထုတ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရိုးမသစ်တောထွက်ပစ္စည်း ကုန်ထုတ်သမဝါယမအသင်းလီမိတက် သဘာပတိအသင်းဥက္ကဋ္ဌ ဦးလှကို၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်သဇင်ကြည်အောင်တို့က အမှာစကားပြောကြားပြီး အသင်းအမှုဆောင်များက အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းများဖတ်ကြား၍ အသင်းသားကိုယ်စားလှယ်များ၏ဆန္ဒရယူ၍ သဘာပတိက အတည်ပြုသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ကြည်အောင်က သဘာပတိအဖြစ်တာဝန်ယူ၍ အမှုဆောင် ဒါရိုက်တာအဖွဲ့ ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**



# (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ဘားအံ ဩဂုတ် ၂၄**

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကရင်ရိုးရာဒုံးအကပြိုင်ပွဲ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲ၊ စက်ဘီးစီးပြိုင်ပွဲ၊ ဈေးရောင်းပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ MSME ထုတ်ကုန်ပြပွဲများ၊ One village One product ပြခန်းများ၊ သစ်သီးဝလံ ပန်းမန်ပြခန်းများ၊ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် အခြေခံအဆောက်အအုံဖွင့်ပွဲများ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ် ချီးမြှင့်ပေးအပ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ ကျင်းပရေး စီမံခန့်ခွဲမှုဦးစီးကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အမှာစကားပြောကြား၍ ပြည်နယ်ဝန်ကြီးများက နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍အထောက်အကူပြုလုပ်ငန်းကော်မတီ အတွင်းရေးမှူးများက အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရေး၊ ကရင်ရိုးရာဒုံးအကအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ဈေးဆိုင်ခန်းများ နေရာချထားရေး၊ ပြခန်းများ ခင်းကျင်းပြသရေး၊ ဆုများပေးအပ်ချီးမြှင့်ရေး၊ ပြည်နယ်နေ့အထိမ်းအမှတ် ပို့စကတ်၊ ပြက္ခဒိန်၊ မဂ္ဂဇင်းများထုတ်ဝေနိုင်ရေး၊ မှတ်တမ်းများ ထိန်းသိမ်းထားရှိရေး၊ ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်နိုင်ရေး ဆွေးနွေးတင်ပြကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ခရိုင်များအလိုက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ခင်းကျင်းပြသနိုင်ရေး၊ ဒုံးအကအဖွဲ့များနှင့် အားကစားသမားများ စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ကြံခင်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က ကျန်းမာသန်စွမ်းပြီး ဗဟုသုတပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးသည် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဒေါက်တိုင်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော်က အာဟာရဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ထို့နောက် ဖိတ်ကြားထားသူများက ခင်းကျင်းပြသထားသည့် အာဟာရအုပ်စုများကို ကြည့်ရှုအားပေးပြီး အသက်၁ နှစ်မှ ၅ နှစ်အောက်ကလေးများအား ဗီတာမင်အေ နှစ်သိန်းနှင့် ၂ နှစ်မှ ၅ နှစ်အောက် ကလေးများကို သန်ချဆေးများတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးပေးအပ်ခြင်း၊ ဆေးစိမ်ခြင်ထောင်အလုံး ၃၀ ကို ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



# မြောက်ဥက္ကလာပမြို့နယ်၌ ရွှေကန်သာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည် စည်းဝေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရွှေကန်သာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက (၄)ရပ်ကွက် သာသနာ့ဗိမ္မာန်မဏ္ဍပ်၌ ပြုလုပ်သည်။



ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင် ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို စာရင်းစစ် ဦးညိုဝင်းမောင်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင် အဖွဲ့ဝင်သုံးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့အား အမှုဆောင်သစ်များ အဖြစ် ပြန်လည်ရွေးချယ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးမြို့ ရတနာပုံသင်္ဘောကျင်းဆိပ်ရှိ ရေပေါ်သင်္ဘောဟိုတယ်များ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ မြစ်တွင်းအပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး "RV-Samatha"၊ "RV-Amarapura"၊ "RV-Princess" နှင့် "RV-PanHtwar" သင်္ဘောဟိုတယ်များသည် မန္တလေးမြို့ ရတနာပုံသင်္ဘောကျင်းဆိပ်၌ ရေပေါ်ဟိုတယ်များအဖြစ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်္ဘောဟိုတယ်များကို ဩဂုတ် ၂၂ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေးရာ သင်္ဘောဟိုတယ်များမှ တာဝန်ရှိသူများက သင်္ဘောဟိုတယ်အသီးသီး၏ ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ တည်းခိုနေထိုင်နိုင်သည့် အိပ်ခန်းများ ထည့်သွင်းစီစဉ်ဆောင်ရွက်ထားရှိမှု၊ အပတ်စဉ် စနေနေ့တိုင်း ဧည့်သည်များကို ညအိပ်လက်ခံ ဝန်ဆောင်မှုပေး၍ နောက်တစ်ရက် နံနက်ပိုင်းတွင် စစ်ကိုင်း တံတားဘက်သို့ ခုတ်မောင်းကာ ရှုခင်းကြည့် ခရီးစဉ်အဖြစ် ပို့ဆောင်ပေးနေမှုနှင့် သင်္ဘောများပေါ်တွင် ဧည့်သည်များ အပန်းဖြေတည်းခိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လာရောက်လည်ပတ် တည်းခိုကြသည့် ခရီးသွားဧည့်သည်များ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများ၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ မြစ်တွင်း အပျော်စီးခရီးသွားလုပ်ငန်းအား ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်နိုင်ကြစေရေးအတွက် တီထွင်ဆန်းသစ်သော အစီအစဉ်များဖြင့် အဆင့်မြှင့်တင်ဖော်ထုတ်ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ဧည့်သည်များအား ဝန်ဆောင်မှု ပေးလျက်ရှိသည့် အခန်းများ အတွင်း/အပြင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စားသောက်ခန်းများ၊ Ball-room များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လေဟာပြင်ကုန်းပတ်တွင် ဧည့်သည်များ ရှုခင်းကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် အဆောက်အအုံနှင့် မြေနေရာများအတွက် နစ်နာကြေးပေးအပ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**တွံတေး ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ပျော်ဘွယ်လေးကျေးရွာ တွံတေးတူးမြောင်းပိုင်မြေနေရာရှိ အဆောက်အအုံနှင့် မြေနေရာများအတွက် နစ်နာကြေးပေးအပ်နိုင်ရေး လူထုတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်တို့က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး စီမံကိန်း ဒါရိုက်တာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်က တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်သူများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ နစ်နာကြေးကို သက်ဆိုင်ရာပြည်သူများထံသို့ မကြာမီရက်ပိုင်းအတွင်း အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စနစ်တကျ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**



# ပြည်မြို့နယ်အတွင်း စက်မှုလယ်ယာစနစ်သို့ ရာနှုန်းပြည့်ကူးပြောင်းနိုင်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး



**ပြည် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း စက်မှုလယ်ယာစနစ်သို့ ရာနှုန်းပြည့် ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် စက်သုံးဆီ လျှော့ချသုံးစွဲနိုင်ရန် ပြည်မြို့ ရွှေဝါထွန်းလယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းမှ ဆိုလာအားသွင်းစနစ်သုံးထွန်ယက် ထုတ်လုပ်စမ်းသပ်မောင်းနှင်မှုကို ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး မြေအမျိုးအစားမရွေး အချိန်ကြာမြင့်စွာ ထွန်ယက် အသုံးပြုနိုင်ရေးနှင့် အစေ့ချစနစ်ပါတီထွင်ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စု၌ စားဖိုဆောင်သီးနှံ တစ်အုပ်တစ်မစိုက်ခင်း ဧက ၃၀၀ စိုက်ပျိုးထားရှိမှုနှင့် နဝဒေးစက်မှုဇုန်ရှိ "သာလွန်ကောင်း" သဘာဝမြေသြဇာထုတ်လုပ်ရေး အလုပ်ရုံတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ပြည်မြို့တွင်း လမ်းမိုင် (၂/၄-၂/၅)အတွင်း လမ်းတာပေါင်ပြိုကျပျက်စီးမှုအပေါ် ယာယီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံပြိုကျမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အန္တရာယ်ရှိလမ်းညွှန်အမှတ်အသားများ၊ အသိပေးရောင်ပြန်များ ထားရှိရန်နှင့် အမြန်ဆုံး ပြန်လည်ပြုပြင်ရန် မှာကြားသည်။

အလားတူပြည်မြို့နယ်ကြို့ရသာကျေးရွာ၌ "A One" လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး အလုပ်ရုံ၌ Mobile ပဲအမျိုးမျိုး ခြွေလှေ့စက်နှင့် ပဲရိတ်သိမ်းစက်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများ တစ်ပိုင်တစ်နိုင် ဝယ်ယူအသုံးပြုနိုင်သည့် ဘက်စုံသုံးစက်ကိရိယာများ ဆက်လက်ထုတ်လုပ်ရန်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှာယူထားသည့် လယ်ယာသုံးစက်ကိရိယာများ အချိန်မီ ထုတ်လုပ်ပေးနိုင်ရေး ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာရရှိရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့၌ ဂျီအီးစီပညာရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**ကြို့ပင်ကောက် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ဂျီအီးစီပညာရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်ပွဲကို ယမန်နေ့နံနက်က အထက(ဘုရင့်နောင်)၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျီအီးစီပညာရေး သမဝါယမအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းမှတာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြကာ အသင်းသားများ၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအား ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများက ပေးအပ်ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**





# ပေါင်းတည်၌ တောင်သူများစမ်းသပ်စိုက်ပျိုးထားသည့် တောင်ပျံမွှေး မိုးစပါးများ ဖြစ်ထွန်းအောင်မြင်

**ပေါင်းတည် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးစပါးရာသီ၌ ယခင်စိုက်ပျိုးလေ့ရှိသည့် အထွက်ကောင်းစပါးမျိုးများအပြင် ယခုနှစ်တွင် တောင်ပျံမွှေး စပါးမျိုးကိုစမ်းသပ်စိုက်ပျိုးလာသည့် တောင်သူများလည်းရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာ မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးအဖွဲ့၏ အားပေးကူညီမှုဖြင့် ကြူတောကန်ကျေးရွာအုပ်စု နတ်ပုတီးကျေးရွာ တောင်သူ ဦးအုန်းကျော်နှင့် တောင်သူ ၁၇ ဦးတို့က စုစုပေါင်းဧက ၅၀ စိုက်ပျိုးထားပြီး ယခုအခါ သက်တမ်း ၅၂ ရက်ရှိကာ ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မျိုးသန့်ဌာနခွဲတို့ထံမှ ထိုတောင်ပျံမွှေး မျိုးစပါးများ၊ စိုက်နည်းစနစ်များ၊ စိုက်ပျိုးရေး အသိပညာများနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှုများရရှိခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**

■

# အနေဝေးသော်လည်း သွေးမဝေးသည့် ယုံကြည်စိတ်ချအားထားရသော မိတ်ဆွေနိုင်ငံ

**မောင်ငြိမ်းအေး**



ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ဩဂုတ် ၂၃ ရက်က မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲ ကျင်းပစဉ်။

**(ယမန်နေ့မှအဆက်)**

ဘယ်လာရုစ်သမ္မတနိုင်ငံသည် ရုရှားနိုင်ငံကဲ့သို့ပင် မိတ်ရင်းဆွေရင်း ညီအစ်ကိုသူငယ်ချင်းနိုင်ငံပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ဆုံတွေ့လျှင် ဘယ်လာရုစ်နိုင်ငံလည်း မပါမဖြစ်ပါသလို တစ်သားတည်း အတူလက်တွဲ ရင်းနှီးဆက်ဆံခဲ့ကြသည်။ ရုရှား၊ ဘယ်လာရုစ် သံယောဇဉ်သည် ကြာရှည်လေမြင့်လေ ခိုင်မြဲလာခဲ့သည်။ အနေဝေးသော်လည်း၊ အသွေးအသားမတူသော်လည်း သွေးမဝေးသည့်၊ ယုံကြည်စိတ်ချအားထားရသည့် ထာဝရမိတ်ဆွေ၊ ထာဝရသူငယ်ချင်းနိုင်ငံပင်ဖြစ်သည်။ ငယ်စဉ်က အတူသွားအတူလာခဲ့ကြသော သူငယ်ချင်းများကို သတိရသကဲ့သို့ပင် အခါအခွင့်သင့်တိုင်း မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံတို့သည် မဖြစ်မနေဆုံတွေ့၍ သူ့နိုင်ငံအကျိုး၊ ကိုယ့်နိုင်ငံအတွက် အကျိုးချင်းထပ် ဖလှယ်လေ့ရှိကြသည်။ အပြန်အလှန် ရိုင်းပင်းကူညီ ဖေးမလေ့ရှိကြသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ယခုခရီးစဉ်မတိုင်မီ ပြီးခဲ့သည့် ဇူလိုင်လ ၂ ရက်နေ့က ရှည်လျားသည့် ခရီးစဉ်လမ်းကြောင်းဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့်ခရီးစဉ် သွားရောက်ခဲ့သည်။ ထိုခရီးစဉ်မှ အပြန်ခရီးတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံအပေါ် သံယောဇဉ်ကြီးကြီးမားမားရှိသည်မှာ ပေါ်လွင်သည်။ အထူးခင်မင်မှုသဘောဖြင့် မဖြစ်မနေအလုပ်သဘော တရားဝင်ခရီးအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတတို့သည်မြန်မာနိုင်ငံတွင်ဒုတိယအကြိမ်မြောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ယခုဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိခဲ့သည့် တရားဝင်ခရီးစဉ်အပါအဝင် ခုနစ်ကြိမ်မြောက် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

### မလွဲမသွေဆောင်ရွက်မည်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၂၃ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို က သမ္မတနန်းတော်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘယ်လာရုစ်သမ္မတအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားကို လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။ ဘယ်လာရုစ်သမ္မတသည် ယမန်နေ့ကလည်း နိုင်ငံတော်သမ္မတနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ပွင့်လင်းစွာဖြင့် လေးလေးနက်နက် ဆွေးနွေးခဲ့သည်။ ယခုတရားဝင်ထပ်မံတွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည်များကို အထူးအလေးပေးဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ ပြည်သူများအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးလိုစိတ်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးချက်များကို မလွဲမသွေ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ကန့်သတ်ချက်မထား

နိုင်ငံတော်သမ္မတက နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပါအဝင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များအားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်က ပြောကြားဖူးကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အသိအမှတ်ပြုချီးကျူးပြောကြားပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့်ရော၊ မိမိ၏ ပုဂ္ဂိုလ်ရေးအရရော မိမိတို့နိုင်ငံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်သကဲ့သို့ အဆွေတော်တို့နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ဩဂုတ် ၂၃ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့တက်ရောက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၄-၂၀၂၈)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့် လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများလဲလှယ်ခြင်းအခမ်းအနားပြုလုပ်ရာ နှစ်နိုင်ငံအကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေးသဘောတူစာချုပ်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးသဘောတူညီချက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကိုအဝေးမှ အာရုံခံစောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ်တစ်စင်း တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့် မှတ်တမ်းလွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Belarusian State University တို့အကြား သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research (BISR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် JSC “Development Bank of the Republic of Belarus” တို့အကြား ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စသည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်ကိုးခုတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

### နှစ်နိုင်ငံပူးတွဲကြေညာချက်

ဩဂုတ် ၂၃ ရက်နေ့တွင် မင့်စ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြသည်။ အပြန်အလှန် ပူးတွဲကြေညာချက် အပြန်အလှန်ပြောကြားမှု အနှစ်ချုပ်ကိုကြည့်လျှင် မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာကိုတွေ့ရသည်။ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အထောက်အကူပြုသွားမည်။ နှစ်နိုင်ငံကြားတွင်ရှိသည့် ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုကြောင့် နိုင်ငံရေးအရသာမက စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်အတွက် နှစ်နိုင်ငံအကြား သံရုံးများကို ဖွင့်လှစ်သွားမည်။ ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်ရာတွင် ၂၀၂၄-၂၀၂၈ လမ်းပြမြေပုံကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် သိပ္ပံနှင့် နည်းပညာအခန်းကဏ္ဍတွင်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၂၃ ရက်က မင့်စ်မြို့ အမျိုးသားလွှတ်တော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**စာမျက်နှာ ၇ သို့**

❐ စာမျက်နှာ ၆ မှ

ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နေသည်။ လာမည့်နှစ်တွင် ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ ကျောင်းသားများကို ဘယ်လာရုစ်နိုင်ငံတွင်ရှိသည့် တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပေးသွားမည်။ နှစ်နိုင်ငံ ပါလီမန်အချင်းချင်းဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်။ ဇူလိုင်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းသာမက အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ကျေးဇူးတင်ရှိသည်။ ပုဂ္ဂိုလ်ရေးအရ အားတက်သရော ဆောင်ရွက်ခဲ့သလို မပြောင်းလဲသည့်သဘောတရားနှင့် ယခုအချိန်အထိ ဆက်ဆံပေးသည့်အတွက် ကျေးဇူးတင်ရှိသည်။ ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့်သဘောတူညီချက်များအားလုံးကို ဘယ်လာရုစ်နိုင်ငံဘက်မှ ဗျူရိုကရက်တစ်ယန္တရားကိုကျော်လွန်ပြီး အကောင်းဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မည်ဟု အာမခံကြောင်း သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၀ ရက်က Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

> **မြန်မာနိုင်ငံတွင် ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံ စီးပွားရေးလုပ်ငန်းရှင်များ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ထပ်မံဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိသည့် အထူးစီးပွားရေးဇုန်များအနက် စီးပွားရေးအချက်အချာကျသည့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်**

### နားလည်မှုစာချွန်လွှာ ကိုးခု

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံကောင်းမွန်သည့်ဆက်ဆံရေးသည် မကြာသေးမီနှစ်များတွင် အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာခဲ့သည်။ နှစ်နိုင်ငံအကြီးအကဲများအကြား အပြန်အလှန်ခရီးစဉ်များ ရှိခဲ့ပြီး ခေါင်းဆောင်ပိုင်းသာမက အဆင့်အသီးသီးနှင့် နယ်ပယ်အသီးသီးတွင် နီးကပ်သည့်ဆက်ဆံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ပြီး နိုဝင်ဘာလတွင် အဆွေတော် သမ္မတကြီးလည်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြန်လည်လာရောက်လည်ပတ်ခဲ့သည်။ ခရီးစဉ်များအတွင်း နှစ်နိုင်ငံအနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခုခရီးစဉ်တွင်လည်း နှစ်နိုင်ငံအကြား သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ကိုးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး အရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ပိုမိုချဲ့ထွင်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။

နှစ်နိုင်ငံအစိုးရအကြားတွင်သာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ဆွေးနွေးခဲ့သည်။ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးနိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သည်လည်း ဇူလိုင်လအတွင်း အသက်ဝင်ခဲ့ပြီဖြစ်သည့်အတွက် ခရီးသွားကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုမြှင့်တင်နိုင်မည့် အလားအလာများကို ဆွေးနွေးနိုင်ခဲ့ကြသည်။ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံ အမြဲသဟဲပြုပြီး ဆက်လက်ရပ်တည်သွားရေးကို ဆွေးနွေးခဲ့သည်။ ယခုခရီးစဉ်အတွင်း ထူးခြားချက်သည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနား ပြုလုပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း မကြာမီ ဘယ်လာရုစ်သံရုံးကို လာရောက်ဖွင့်လှစ်မည်ဖြစ်၍ ကြိုဆိုလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများရှိသည့် မြန်မာနိုင်ငံတွင် ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံ စီးပွားရေးလုပ်ငန်းရှင်များ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ထပ်မံဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိသည့် အထူးစီးပွားရေးဇုန်များအနက် စီးပွားရေးအချက်အချာကျသည့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

### ကူညီထောက်ခံဆောင်ရွက်

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၂၁ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့အား မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံတစ်ခုဖြစ်မှုနှင့် နိုင်ငံ့ခေါင်းဆောင်အချင်းချင်း ချစ်ကြည်ရင်းနှီးပြီး အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာကောင်းမွန်လျက်ရှိမှု၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် နှစ်နိုင်ငံနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ကူညီထောက်ခံဆောင်ရွက်ပေးလျက်ရှိမှုတို့ကို ဆွေးနွေးခဲ့သည်။

ဘယ်လာရုစ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပစဉ်က မြန်မာနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်ကလည်း ဘယ်လာရုစ်နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဘယ်လာရုစ်လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှု၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိမှု၊ လွှတ်တော်နှစ်ရပ်အကြားအပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဖွဲ့အစည်းများ၊ လူငယ်လူရွယ်နှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

### ဓာတ်မြေဩဇာတင်ပို့ရေး

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မင့်စ်မြို့မှ Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့ လေဆိပ်သို့ရောက်ရှိကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Yuri Khadzhimuratovich နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြသည်။ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများသင်ကြားပေးနိုင်မှု၊ နှစ်အလိုက် ဓာတ်မြေဩဇာများထုတ်လုပ်နိုင်မှု၊ စက်ရုံမှ ဘယ်လာရုစ်နိုင်ငံ၏ပြည်တွင်းစားရေရိက္ခာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများ ထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိမှု၊ ဓာတ်မြေဩဇာစက်ရုံမှ အခြားထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်လွန်ကြိုးနှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ခွဲရောင်းချလျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာများတင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ Grodno Azot ဓာတ်မြေဩဇာစက်ရုံသည် ဘယ်လာရုစ်နိုင်ငံ ဂရော့ဒ်နိုမြို့ (Grodno) တွင် တည်ရှိပြီး ၁၉၆၃ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သော ဥရောပတိုက်၏ အကြီးဆုံး နိုက်ထရိုဂျင်အခြေခံဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းထုတ်လုပ်ရေး နိုင်ငံပိုင်စက်ရုံကြီးတစ်ခုဖြစ်သည်။ အဆိုပါစက်ရုံသည် အမိုးနီးယား (Ammonia)၊ ယူရီးယား (Urea)နှင့် နိုက်ထရိုဂျင် ဓာတ်မြေဩဇာအမျိုးမျိုးကို အဓိကထုတ်လုပ်ပြီး ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးနေသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့လည်း တင်ပို့နေသည့် ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အရေးပါသော စက်ရုံကြီးတစ်ခုဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

## လက်ပံတန်းမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့အကြိုအခြေခံမီးသတ်သင်တန်း ဖွင့်လှစ်

လက်ပံတန်း ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူး ဝင်းကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခွန်ဆန်းမင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်က မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုသိရှိနားလည်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်များက ပေါင်းစပ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့မဈေးရှိ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရထားပြတင်း မိုးမြင်ကွင်း

❖ ကြည့်လေရာရာ
မြကမ္ဗလာစိမ်း၊ မြရည်ရှိမ်း၍
ယိမ်းနွဲ့ကောက်ပင်၊ မြသွေးလွင်ကာ
ဝန်းကျင်ပတ်ကုံး၊ မြရောင်ဖုံးခဲ့
မိုးလုံးပတ်လည်၊ မှောင်ပြာရီလျက်
နေခြည်မဖောက် လမ်းတစ်လျှောက်။
ဂျုံးဂျုံးဂျက်သံ မိုးထဲပျောက်။

❖ မိုးစွေစွေနှင့်
ချောင်းရေကလျှံ၊ ကန်ရေကတိုး
ရိုးရေကဖွေး၊ ဗျိုင်းလေးကပျံ
ကြာကန်ထဲမှာ၊ ကြာလေးကပွင့်
တင့်လှပေဟန် မိုးမြင်ကွင်း။
ဘဝင်ချမ်းမြ ကြာနံ့သင်း။

❖ ထွန်ကြယက်ကြ၊ စိုက်ပျိုးကြနှင့်
မြန်မာ့လယ်မြေ၊ အားသစ်ဝေပြီ
ပျိုမေတစ်သင်း၊ ကောက်စိုက်ဆင်းချိန်
တေးချင်းညံ့စာ၊ ပျော်ကြရှာထင့်
ပါးမှာရွှံ့စက်၊ လှမပျက်ဘဲ
လှရက်ဆတိုး လုပ်အားတန်ခိုး။
တောရဲ့သမီးပျို လှခေါင်မိုး။

❖ အစိမ်းအဖြူ၊ ဝတ်စုံတူဖြင့်
ငယ်မူပျော်ပါး၊ သမီးသားတို့
ကျောင်းသွားကျောင်းပြန်၊ စာသင်အံကြ
မိုးသံတွေကြား၊ ငါ့စိတ်နားဝယ်
ကြားမိပြန်သေး ထင်တရေး။
စာသင်ကျောင်းမြင် လွမ်းမိငေး။

❖ ဘူတာစဉ်ဖြတ်
မြို့ပြရပ်ရွာ၊ စည်ပင်သာလျက်
မှုန်ပြာရေးရေး
အဝေးဆီတွင်၊ တောရိပ်ဆင်ကာ
နောက်တွင်မှိုင်းပျ၊ ရှမ်းရိုးမနှင့်
စီးကျဖြာသွန်၊ ရေတံခွန်စိမ့်စမ်း
လှမ်းမြင်မိသည် လန်းရွှင်ကြည်။
ဘယ်ဆေးပန်းချီ ရေးမမီ။

❖ ဝဲယာဝန်းကျင်၊ မြလွင်ပြင်ထဲ
တဲတန်းစုစု၊ ရွာစုစုနှင့်
တောစုထွေထွေ၊ မှိုင်းဝေဝေကြား
ရွှေရောင်ဝင်းပ၊ စေတီလှကို
ဖူးရပြန်ခါ၊ ပီတိဖြာခဲ့
ညွှန်ရာမလွဲ၊ တွေ့မြဲကေန်
ကျောင်းကန်ဘုရား ဇရပ်များ။
ဘာသာ သာသနာ တန်ဖိုးထား။

❖ ဩော်…ငါတို့နေသည်၊ မြန်မာပြည်ကား
ရေကြည်လေပြည်၊ မြမြေဆီနှင့်
ရာသီစိမ်းလန်း၊ တောတောင်စမ်းနှင့်
ချမ်းမြသာသနာ၊ ထုံးစဉ်လာနှင့်
သာယာလန်းစွံ၊ လှပေါင်းခသည်
နဂ္ဂဖိုးတန်၊ မျိုးမွေမှန်မို့
ဆက်ခံထိန်းကာ၊ ရှေးထက်သာအောင်
ကောင်းစွာစောင့်ရှောက် မြှင့်တင်ရေး။
အမျိုးသားရေး သမိုင်းပေး။
ရထားပြတင်း ငေးရင်းတွေး။
မိုးအေးသော်လည်း သွေးကနွေး။ ။

ဇော်မင်းမင်းဦး

## အိန္ဒိယသမ္မတနိုင်ငံက တပ်မတော်ဆေးတက္ကသိုလ်အတွက် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း




နေပြည်တော် ဩဂုတ် ၂၄

တပ်မတော် ဆေးတက္ကသိုလ်တွင် ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရက လှူဒါန်းသည့် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဇော်မျိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူး Colonel Arjun N Singh နှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ လှူဒါန်းမှုဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများသည် ပေးအပ်လှူဒါန်းထားသည့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသမှုနှင့် ပစ္စည်းများအား အသုံးပြု၍ သင်ကြားရေးဆောင်ရွက်နေမှု များကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

ယနေ့ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပေးအပ်လှူဒါန်းသည့် သင်ထောက်ကူပစ္စည်းများအနေဖြင့် ဝမ်းဗိုက်နှင့် အရိုးဆစ်များအတွင်း အပေါက်ငယ်များဖောက်ကာ ကင်မရာဖြင့် ကြည့်၍ခွဲစိတ်သော စက်ကိရိယာတစ်စုံ၊ အဆင့်မြင့်သွားတုပုံဖော်စက်တစ်စုံ၊ မျိုးရိုးဗီဇစမ်းသပ်စစ်ဆေးသည့်စက် တစ်စုံ၊ ရောဂါဗေဒ ဓာတ်ခွဲခန်းတွင် အသားစမှန်ပြားများအား ဒီဂျစ်တယ်စနစ်ဖြင့် ကူးယူသောစက်တစ်စုံ၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အဆင့်မြင့်အသံနှင့် ကင်မရာစနစ်တစ်စုံ၊ သင်ကြားရေးသုံး မျက်နှာပြင်ကျယ်ကွန်ပျူတာဖန်သားပြင်များနှင့် အရည်အသွေးမြင့်ပရိုဂျက်တာများ ပါဝင်ကြောင်း သိရှိရပြီး ဆေးပညာသင်ကြားရေး၊ သုတေသနနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ကော့မှူးမြို့၌ သားဆက်ခြားနည်းလမ်းများ အကြောင်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီးက ကိုယ်ဝန်ဆောင်စဉ် သတိပြုရမည့်အချက်များ၊ ရေတိုသားဆက်ခြားနည်းလမ်းများ၊ ရေရှည်သားဆက်ခြားနည်းလမ်းများ၊ သုံးလခံသန္ဓေတားထိုးဆေးများအကြောင်း၊ လက်မောင်းအရေပြားအောက် သန္ဓေတားပစ္စည်းထည့်ခြင်းများ၊ သားအိမ်တွင်း သန္ဓေတားပစ္စည်းထည့်ခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များအား အာဟာရမျှတစွာစားသုံးနေထိုင်ရေး စသည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ဆေးစိမ်ခြင်ထောင်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး အမက(မြို့သစ်)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရများကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်

**ဦးသန်းလှိုင် (အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)**

နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အထောက်အကူပြုနိုင်စေရန်နှင့် ပြည်သူများ အရည်အသွေးပြည့်မီသော အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရန်ရည်ရွယ်ပြီး မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-




**ဦးသန်းလှိုင်**
**အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**မေး။ ။ MPT အနေနဲ့ 5G ကွန်ရက်နဲ့ ဝန်ဆောင်မှုတွေကို ဘယ်လိုဆက်လက်ဖော်ဆောင်သွားဖို့ စီစဉ်ထားပါသလဲ။ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ 5G အတွေ့အကြုံရရှိစေဖို့ ဘယ်လိုအချက်တွေကို အဓိကထားဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ MPT အနေနဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်၊ ကွန်ရက်/နည်းပညာအဆင်သင့်ဖြစ်မှုနဲ့ ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးမှုတွေကိုအခြေခံပြီး 5G နည်းပညာကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းက သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ချိတ်ဆက်မှုနဲ့ ဒီဂျစ်တယ်အတွေ့အကြုံတွေရရှိစေဖို့အပြင် စီးပွားရေးလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေအတွက်လည်း 5G ရဲ့အားသာချက်တွေကို အသုံးချနိုင်မယ့်အခွင့်အလမ်းတွေပေးအပ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် MPT အနေနဲ့ 5G ကွန်ရက်ရရှိဖို့ လိုအပ်တဲ့ အဆင့်ဆင့်သောဆောင်ရွက်မှုတွေကို ပြုလုပ်နေပါတယ်။

**မေး။ ။ 5G နည်းပညာက ပြည်သူတွေအတွက်သာမက စီးပွားရေးလုပ်ငန်းတွေအတွက်လည်း အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ SME တွေနဲ့ အခြားလုပ်ငန်းကဏ္ဍတွေအတွက် 5G က ဘယ်လိုအထောက်အကူပြုတယ်ဆိုတာလည်း ဖြေကြားပေးပါ။**

ဖြေ။ ။ 5G ဟာ သုံးစွဲသူတစ်ဦးချင်းစီအတွက်သာမက Business Transformation အတွက်လည်း အရေးပါတဲ့နည်းပညာတစ်ခုဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် IoT၊ Smart Operations၊ Cloud Services၊ Remote Monitoring နဲ့ Real–time Data Applications တွေမှာ 5G ကို အသုံးချနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်။



**ဒေါ်ခင်နုယဉ်ထွန်း**
**Senior Vice President,**
**Head of Corporate Communications & Sponsorship**
**ATOM Myanmar Limited**

**မေး။ ။ 5G သုံးဖို့ဆိုရင် SIM Card အသစ်လဲဖို့ လိုအပ်ပါသလား၊ 5G Support ဖြစ်တဲ့ Handset တွေမှာပဲ သုံးလို့ရမှာလားဆိုတာ သိပါရစေ။**

ဖြေ။ ။ 5G ကွန်ရက်အသုံးပြုဖို့ဆိုရင် 5G Support ဖြစ်တဲ့ smart phone/ device တွေလိုအပ်ပါမယ်။ SIM Card အပိုင်းမှာတော့ သုံးစွဲသူတွေအဆင်ပြေအောင် **နဂို SIM Card နဲ့ပဲ ဆက်အသုံးပြုနိုင်ဖို့ အက်တမ် (ATOM) အနေနဲ့ နည်းပညာပိုင်းအရ စီစဉ်ထားပါတယ်။**

**မေး။ ။ အက်တမ် (ATOM) အနေနဲ့ 5G ကွန်ရက် မိတ်ဆက်ပြီးသွားတဲ့အချိန်မှာ ဘယ်လိုမျိုးအခန်းကဏ္ဍ၊ နယ်ပယ်တွေမှာ ပံ့ပိုးကူညီမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ အက်တမ်(ATOM) အနေနဲ့ 5G ကွန်ရက်ကို ဆက်သွယ်ရေးကွန်ရက်တစ်ခုဆိုတာထက် မြန်မာနိုင်ငံရဲ့ **ဒီဂျစ်တယ်အနာဂတ်ကို** ပိုမိုတိုးတက်လာစေဖို့ အထောက်အကူပြုနိုင်တဲ့ အဓိကအခြေခံအဆောက်အအုံတစ်ခုအဖြစ် ဖန်တီးတည်ဆောက်နေပါတယ်။ **ATOM အနေနဲ့လည်း 5G နဲ့ပတ်သက်တဲ့ Awareness/ Knowledge Sharing Sessions/ 5G** ရဲ့ အကျိုးကျေးဇူးတွေကို ပြည်သူတွေအတွက် အသိပညာပေး အစီအစဉ်တွေကတစ်ဆင့် ဆောင်ရွက်ပေးသွားဖို့လည်း ရှိပါတယ်။ အဓိကအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ဒီဂျစ်တယ်ဝန်ဆောင်မှုများ အစရှိတဲ့ နယ်ပယ်တွေမှာ နည်းပညာအသုံးချနိုင်မှုတွေ ပိုမိုအားကောင်းလာစေဖို့ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။



**ဒေါ်ယဉ်သူသူအောင်**
**Corporate Communications Senior Manager၊ U9 Myanmar**

**မေး။ ။ မြန်မာနိုင်ငံမှာ 5G က အမှန်တကယ် အသုံးဝင်လာဖို့ ဘာတွေလိုအပ်ပါသလဲ။**

ဖြေ။ ။ 5G ကို အမှန်တကယ်အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် 5G အသုံးပြုနိုင်တဲ့ ဖုန်းတွေ လုံလောက်စွာရရှိနိုင်ဖို့၊ သုံးစွဲသူတွေအတွက် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှုတွေရရှိနိုင်ဖို့၊ 5G ရဲ့ စွမ်းဆောင်ရည်တွေကို အမှန်တကယ်အသုံးချနိုင်တဲ့ ဝန်ဆောင်မှုတွေနဲ့ Application တွေရှိလာဖို့ လိုအပ်ပါတယ်။ U9 အနေနဲ့ 5G ကို အင်တာနက်ပိုမြန်ရုံအတွက်သာမဟုတ်ဘဲ သုံးစွဲသူတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူမှုအသိုင်းအဝိုင်းတွေအတွက် အတွေ့အကြုံအသစ်တွေနဲ့ အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်မယ့် နည်းပညာတစ်ခုအနေနဲ့မြင်ပါတယ်။ ဒါကြောင့် U9 ရဲ့ အနာဂတ် 5G Rollout မှာ Home Broadband နဲ့ Business Connectivity လို နယ်ပယ်တွေမှာ 5G က Value Added လုပ်ပေးနိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားနေပါတယ်။

**မေး။ ။ 5G Spectrum နဲ့ပတ်သက်ပြီး U9 က ဝန်ကြီးဌာနနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ U9 အနေနဲ့ Network ပိုမိုကောင်းမွန်တိုးတက်ရေးနဲ့ သက်ဆိုင်တဲ့ Spectrum အပါအဝင် တခြားကိစ္စရပ်တွေနဲ့ပတ်သက်ပြီး PTD အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆက်လက်ဆွေးနွေးပူးပေါင်းဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာလုပ်ငန်းစဉ်တွေ ပြီးစီးပြီး အသေးစိတ်အချက်အလက်တွေကို တရားဝင်ထုတ်ပြန်နိုင်တဲ့အချိန်မှာ U9 ရဲ့ 5G Plan နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဆက်လက်မျှဝေပေးသွားမှာဖြစ်ပါတယ်။

5G ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အကူပြုဖို့ ဝန်ကြီးဌာနရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို U9 အနေနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ U9 ဟာ မြန်မာနိုင်ငံရဲ့ မိုဘိုင်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်မှာ အစကတည်းကပါဝင်လာခဲ့ပြီး 5G ကလည်း U9 ရဲ့ နောက်ထပ်တစ်ဆင့် ဆက်လက်လျှောက်လှမ်းမယ့် ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ လက်ရှိသုံးစွဲသူတွေအတွက် Network အတွေ့အကြုံကို ဆက်လက်ကောင်းမွန်အောင်လုပ်ဆောင်ရင်း 5G အတွက်လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။




**ဒေါ်ခင်သူဇာကျော်**
**Head of Regulatory၊**
**Telecom International Myanmar Co.,Ltd (Mytel)**

**မေး။ ။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ 5G ဝန်ဆောင်မှုတွေကို ဖြန့်ကြက်တပ်ဆင်ဖို့ Mytel ရဲ့ အစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ Mytel အနေနဲ့ သုံးစွဲသူပြည်သူတွေရဲ့လိုအပ်ချက်၊ ကွန်ရက်အဆင်သင့်ဖြစ်မှု၊ လိုင်းနှုန်းစဉ်ရရှိနိုင်မှုနဲ့ အခြေခံအဆောက်အအုံ အခြေအနေတွေအပေါ်မူတည်ပြီး မြန်မာနိုင်ငံတစ်ဝန်း 5G ကွန်ရက်ကို အဆင့်ဆင့်တိုးချဲ့သွားဖို့စီစဉ်ထားပါတယ်။ ဦးစွာပထမ တစ်နိုင်ငံလုံး ကွန်ရက်မချဲ့ထွင်မီ အဓိကမြို့ကြီးတွေဖြစ်တဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ သုံးစွဲမှုလိုအပ်ချက်မြင့်မားတဲ့နေရာတွေကို ဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ချဲ့ထွင်သွားမှာဖြစ်ပါတယ်။ Mytel ရဲ့ ရည်မှန်းချက်ကတော့ ရေရှည်တည်တံ့ပြီး ထိရောက်မှုရှိတဲ့ ကွန်ရက်ရင်းနှီးမြှုပ်နှံမှုသာမက အစိုးရဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ သုံးစွဲသူပြည်သူတွေထံ ယုံကြည်စိတ်ချရပြီး အရည်အသွေးမြင့်မားတဲ့ 5G အတွေ့အကြုံကို ပေးအပ်လိုပါတယ်။

**မေး။ ။ လက်ရှိ 4G ဝန်ဆောင်မှုတွေနဲ့နှိုင်းယှဉ်ရင် Mytel ရဲ့ 5G ဝန်ဆောင်မှုကနေ သုံးစွဲသူတွေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ 5G ဟာ ဆိုရင် 4G ထက် သိသာမြန်ဆန်တဲ့ ဒေတာအမြန်နှုန်း၊ ပိုမိုလျင်မြန်တဲ့တုံ့ပြန်မှု (lower latency)နဲ့ ပိုမိုကြီးမားတဲ့ ကွန်ရက်စွမ်းရည်တို့ကို ဆောင်ကြဉ်းပေးမှာဖြစ်ပါတယ်။ 5G ရဲ့ အားသာချက်တွေကတော့ ရုပ်ထွက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားတဲ့ ဗီဒီယိုတွေကို ထစ်ငေါ့ခြင်းမရှိဘဲ ကြည့်ရှုနိုင်ခြင်း (HD video streaming)၊ အွန်လိုင်းဂိမ်းဆော့ရာမှာ ပိုမိုကောင်းမွန်မြန်ဆန်လာစေခြင်း၊ online အစည်းအဝေးတွေ ရုပ်သံပိုမိုကြည်လင်ပြတ်သားခြင်း၊ cloud ဝန်ဆောင်မှုတွေနဲ့ တခြားသော ဒေတာအမြောက်အမြားအသုံးပြုရတဲ့ လုပ်ဆောင်ချက်တွေမှာ ပိုမိုချောမွေ့မြန်ဆန်တဲ့ အတွေ့အကြုံကို ရရှိစေမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပိုအရေးကြီးတဲ့အချက်အနေနဲ့ 5G က ပိုမိုမြန်ဆန်ပြီး ချက်ချင်းတုံ့ပြန်မှုရှိတဲ့ ချိတ်ဆက်မှုလိုအပ်တဲ့ ဒီဂျစ်တယ်ဝန်ဆောင်မှုတွေနဲ့ အက်ပလီကေးရှင်းအသစ်တွေအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဂျေမီ

---

★ **MFF မှ**

Victoria အသင်းက မာရိန်းအသင်းကို ကိုးဂိုး–ငါးဂိုး၊ Mahar Burma အသင်းက Avengers Junior အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၁၀) အပြီးတွင် SGF Youth အသင်းက ရမှတ် ၃၀ ဖြင့် ဦးဆောင်နေပြီး Victoria အသင်းက ၂၇ မှတ်၊ FFU မင်းမဟော်အသင်းက ၂၁ မှတ်၊ Avengers Junior အသင်းနှင့် Mahar Burma အသင်းတို့က ၁၈ မှတ်စီ၊ Pacific Sun Far အသင်းက ၁၆ မှတ်၊ Jullniss အသင်းက ၁၃ မှတ်၊ TKA Stars အသင်းနှင့် United City အသင်းတို့က ၁၅ မှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းနှင့် ဘူရှီဒိုအသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**သတင်း – ချစ်ကိုကို**
**ဓာတ်ပုံ – MFF**



## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးအပ်

ပုသိမ် ဩဂုတ် ၂၄

ကုမ္ပဏီများနှင့် ချောင်းသာဟိုတယ်ဇုန်တို့မှ အလှူရှင်များနှင့် စေတနာရှင်အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင်ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ လာရောက်လှူဒါန်းသည်။

ဦးစွာ ရွှေမဟာစံကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၅၀၊ ကဋ္ဌနက္ခန်းသာကုမ္ပဏီလီမိတက် (Gold Delta Co., Ltd.)က အလှူငွေကျပ်သိန်း ၁၀၀၀၊ Than Thar ထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားအုန်းဆီ ၅၀ ကျပ်သားဘူး ၅၀၀၀၊ ချောင်းသာဟိုတယ်ဇုန်မှ အလှူရှင်များက ငွေကျပ် ၁၈၂ သိန်း ၅ သောင်းတန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ် ၁၂၆ သိန်း၊ ရေကြည်မြို့နယ် အသုတ်မြို့ ရွှေစပါး မြန်မာကုမ္ပဏီလီမိတက်က မီးစက်တစ်လုံးလျှင် ငွေကျပ် ၃၆ သိန်း တန်ဖိုးရှိ မီးစက်သုံးလုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာအုပ်စု အုတ်ပုံကျေးရွာ ရတနာသီရိပုညကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ရေကျဆင်းပြီးနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးတို့အတွက် အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားကာ ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှု မဖြစ်စေရေး၊ မြွေအန္တရာယ်ကာကွယ်ရေး၊ တုပ်ကွေးကာကွယ်ဆေးနှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးမည့်အစီအစဉ်များကို အသိပညာပေးဟောပြော၍ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယကျောင်းတိုက်၌ ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေရှောင်စခန်းများနှင့် ပြည်သူများထံ ဖြန့်ဖြူးပေးမှုနှင့် တိုင်းရင်းဆေးခန်း ဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စစ်ကုန်းကျေးရွာ ကွပ်ကဲရေးရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ တလုတ္တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာများနှင့် စားသောက်ဖွယ်ရာများ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ တာတမံနိမ့်ကျနေမှုနေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတွင် ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် သည် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် Stand Pipe ရိုက်၍ ကာရံခြင်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်၌ နိမ့်ကျတာ၏ တစ်ဖက်စီမှ နှစ်ဖက်ပြိုင်တူ Stand Pipe များ ဆက်လက်ရိုက်နိုင်ရန်အတွက် စက်၊ ယာဉ်/ ယန္တရားများ ဖြစ်သည့် ကရိန်းများ၊ တွန်းသင်္ဘောနှင့် Barge တွဲစသည်တို့ကို နေရာချထားမှု၊ တာတမံကာရံပိတ်ဆို့ရန်အတွက် ကရိန်းများဖြင့် သဲအိတ်များချခြင်း၊ ရိုက်သွင်းထားပြီးဖြစ်သည့် Stand Pipe များ ပိုမိုခိုင်ခံ့စေရန် H beam 400 mm x 400 mm များဖြင့် ကျားကန်/ ဒေါက်ကန်၍ အားဖြည့်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Barge တွဲများပေါ်တွင် Steel Sheet Pile နှင့် Stand Pipe များ Welding တွဲဆက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ Split Barge သောင်တူးသင်္ဘော ရောက်ရှိမှုနှင့် Stand Pipe ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး Steel Sheet Pile နှင့် Stand Pipe များရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများရှိပါကအချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်နှင့် လုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ကြရန် တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဗိုလ်မြတ်ထွန်း တံတားရှိ တောင်တန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားကွန်ရက်များအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးများသော ဒေသဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းပေါ် ရေများမတင်စေရေး ဆောင်ရွက်သွားရန်၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် လမ်းဘေး ဝဲ/ ယာတွင် ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် အမှတ်(၃) လမ်းဆုံတိုးလ်ဂိတ်နှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ၁၁၅ မိုင် (ဖြူး) တိုးလ်ဂိတ်၊ နေပြည်တော်စီလမ်းဆုံတိုးလ်ဂိတ်တို့တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာနေမှု၊ လမ်းအသုံးပြုခ ကောက်ခံရရှိမှု၊ တိုးလ်ဂိတ်အဆောက်အအုံ၊ CCTV အခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကောက်ခံရရှိမှု စာရင်းဇယားများကို မှန်ကန်မှုရှိစေရေး၊ သတ်မှတ်တန်ချိန်များအတိုင်း သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

**၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်**

(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

**၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ**

(က) **အဆိုပြိုင်ပွဲ**

(၁) မဟာဂီတ (အဆင့်အားလုံး)
(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက်၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်}(အမျိုးသား၊ အမျိုးသမီး)

(ခ) **အကပြိုင်ပွဲ**

(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)
(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်)(အမျိုးသမီး) ၁၆ ဦး ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)
(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)
(၄) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ {ဝါသနာရှင်(ဒုတိယတန်း)အဆင့်}(မင်းသား၊ မင်းသမီး)
(၅) ကချင်ပြည်နယ်ရှိတိုင်းရင်းသားတို့၏ရိုးရာအကပြိုင်ပွဲ၊ ၁၆ – ဦး
(၆) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် ဝိဓူရဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ငိုပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦး ယှဉ်ပြိုင်ရန်)
(၇) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အဆင့် သုဝဏ္ဏသာမ ဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့်ဆိုငိုပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်)
(၈) ကွက်စိပ်ပြိုင်ပွဲ
- ဝါသနာရှင်(ပထမတန်း)အဆင့်(ရက္ခဓမ္မဇာတ်)
- ဝါသနာရှင်(ဒုတိယတန်းအဆင့်(သမ္ဘောဒမာနဇာတ်)

(ဂ) **အရေးပြိုင်ပွဲ**

(၁) ဝါသနာရှင်(ပထမတန်း)အဆင့်
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(၃) အဆင့်မြင့်ပညာအဆင့်
(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀နှစ်အတွင်း) အဆင့်

(ဃ) **အတီးပြိုင်ပွဲ**

| | | |
|---|---|---|
| (၁) | စောင်း | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၂) | စန္ဒရား | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၃) | ပတ္တလား | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၄) | တယော | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၅) | မယ်ဒလင် | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၆) | ဂီတာ | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၇) | ဒုံမင်း | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၈) | ဆိုင်း တစ်ဦးချင်း | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၉) | ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် | – အဖွဲ့လိုက်(အမျိုးသား – ၈ ဦး၊ အမျိုးသမီး – ၈ ဦး) |
| (၁၀) | နှဲ | – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၁၁) | ပလွေ | – တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး) |
| (၁၂) | အိုးစည် | – အဖွဲ့လိုက်(အမျိုးသား – ၅ ဦး) |
| (၁၃) | ဒိုးပတ် | – အဖွဲ့လိုက်(အမျိုးသား – ၆ ဦး) |

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

## "မဟာဂီတ"

**၁။ ဝါသနာရှင် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး**

| | |
|---|---|
| (က) စုံသာမြိုင်လယ် | (သီချင်းခံ) |
| (ခ) မှိုင်းပြာမှုန်ဝေ | (ပတ်ပျိုး) |
| (ဂ) မြိုင်ဟောဝန် | (ပတ်ပျိုး) |
| (ဃ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနံ့လေး ထွေသံကပ်(မြင်းခင်း)မြန်ခန်းကျွန်းတွင်း | (ကြိုး) |
| (င) ကြို့ညိုစံရာ | (ယိုးဒယား) |
| (စ) ခြည်ပန်းထောင်ကွန့် စက်နေရုံ | (ဘွဲ့) |
| (ဆ) အာကာယံထဲ | (ပတ်ပျိုး) |
| (ဇ) သောင်းကျေးဒီပါဗွေ | (မွန်) |

**၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး**

| | |
|---|---|
| (က) ဆဒ္ဒန်အိုင်သာ | (သီချင်းခံ) |
| (ခ) မဏိကဥ္စနာ | (ပတ်ပျိုး) |
| (ဂ) ဖြူပြာမူရာ | (ပတ်ပျိုး) |
| (ဃ) မြန်သပြေညာ | (ယိုးဒယား) |
| (င) ကောင်းချီးသင်္ခါ | (မွန်) |

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) လွမ်းခြင်းအစချီ ဟေမာန်ပွေဟန် | (ပတ်ပျိုး) |
| (ခ) သိင်္ဂါရွှေရောင် | (ပတ်ပျိုး) |
| (ဂ) ရွှေပင်ရွှေဘုန်း | (ကြိုး) |
| (ဃ) တောင်ဇမ္ဗူပိုင် | (ယိုးဒယား) |

**၄။ အခြေခံပညာအဆင့် (၁၅–၂၀) (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ကြောက်ဖွယ့်ဘုန်းတန်း | (ကြိုး) |
| (ခ) နှစ်ကိုယ်သစ္စာ | (ပတ်ပျိုး) |
| (ဂ) မာရဝိဇယ | (ဘွဲ့) |
| (ဃ) လေပြည်ဆော်သွင်းမြူး | (ယိုးဒယား) |

**၅။ အခြေခံပညာအဆင့် (၁၀–၁၅) (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) သည်ဆောင်းဟေမာန် | (ဘွဲ့) |
| (ခ) မြိုင်ခြေတစ်ခွင် | (ပတ်ပျိုး) |
| (ဂ) တောဟောဝန်လယ် | (ယိုးဒယား) |
| (ဃ) ပြောင်ပြောင်နာဂိန် | (ကြိုး) |

## "ခေတ်ဟောင်းတေး / ကာလပေါ်တေး"

**၁။ ဝါသနာရှင် (ပထမတန်း) အမျိုးသား**

| | |
|---|---|
| (က) မြဘယက် | (ဥသြဘသောင်) |
| (ခ) တောင်သမန် | (နန်းတော်ရှေ့ဆရာတင်) |
| (ဂ) စွဲမက်ပါတဲ့အာရုံ | (ဥသြဘသောင်) |
| (ဃ) ညီတော်မင်းနန် | (ဝင်းဦး) |
| (င) ရုပ်ကြီးသူ | (ဦးသိန်းကြွယ်) |
| (စ) ရွှေတိဂုံသမိုင်း | (ဒေါ်ကြည်အောင်) |
| (ဆ) ဘုံဓမ္မတာ | (ဥသြဘသောင်) |
| (ဇ) မင်္ဂလာတော် | (ဥသြဘသောင်) |
| (ဈ) ကျောင်းတော်ရာ | (ပြည်ဘရှင်) |
| (ည) သရက်ပင်အို၏သံဝေဂ | (ကိုမင်းနောင်) |

**၂။ ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**

| | |
|---|---|
| (က) တောင်သူပျို | (ဒေါ်ကြည်အောင်) |
| (ခ) မဟာတြိရတန | (ရီရီသန့်) |
| (ဂ) စာဆိုခံ "လ"လုံး | (မာမာအေး) |
| (ဃ) အလှူ့အစ်မ | (မာမာအေး) |
| (င) မေတ္တာဝေသံဆန်း | (ဝင်းဦး) |
| (စ) စည်တော်ကြီး | (မာမာအေး) |
| (ဆ) သုံးရွှေ့လယ် | (ဒေါ်ကြည်အောင်) |
| (ဇ) ပြိုင်ပွဲကြီး | (ထား) |
| (ဈ) ဂီတအခြေခံ | (အဖွဲ့) |
| (ည) ဓာတ်တော်ဝေခန်း | (ဒေါ်ကြည်အောင်) |

**၃။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**

| | |
|---|---|
| (က) တပေါင်းသာခေါင် | (ကိုတင်အောင်သန်း) |
| (ခ) မာန် | (ဂီတလုလင်မောင်ကိုကို) |
| (ဂ) ဂျင်မလေးဂျမ်း | (ကိုမင်းနောင်) |
| (ဃ) စွယ်တော်ခိုးခန်း | (ဒေါ်ကြည်အောင်) |
| (င) ဖန်တီးသူတို့အပြုံးများ | (ဂီတလုလင်မောင်ကိုကို) |
| (စ) မဟာဇနက္က | (ခင်မောင်ရင်) |

**၄။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**

| | |
|---|---|
| (က) အာရောဂျံ | (ဒေါ်ကြည်အောင်) |
| (ခ) နားလည်ပေးပါ | (ထား) |
| (ဂ) ဝနိမိတ် | (စိန်ပါတီ) |
| (ဃ) ဂီတဥလီ | (သင်းသင်းမြတ်) |
| (င) ဓမ္မစကြာ | (ဒေါ်ကြည်အောင်) |
| (စ) ကထိန်သင်္ကန်း | (စိန်ပါတီ) |

**၅။ အဆင့်မြင့် (အမျိုးသား)**

| | |
|---|---|
| (က) ပြောသံ | (ဥက္ကလာမောင်) |
| (ခ) စိမ်းလဲ့ညို | (မောင်မောင်ကြီး) |
| (ဂ) မဟာဗန္ဓုလ | (ကိုထွန်းရွှေ) |
| (ဃ) အလွမ်းပြေအမေ့စာ | (မောင်မောင်လတ်) |

**၆။ အဆင့်မြင့် (အမျိုးသမီး)**

| | |
|---|---|
| (က) မြည့်ငြင်းလေပြေ | (မအေးမိ) |
| (ခ) ပန်းခင်းသောလမ်း | (မြသက်မူ) |
| (ဂ) မြသဝန်ကြောင် | (ထား) |
| (ဃ) အစိန္တေယျ | (ငွေးငွေးမြင့်) |

**၇။ အခြေခံ (၁၅–၂၀) အမျိုးသား**

| | |
|---|---|
| (က) ဖူးစာ | (ကိုအံ့ကြီး) |
| (ခ) မြတ်ဒေသနာ | (သထုံဘသိန်း) |
| (ဂ) အောင်မြင်ခြင်းအတူတူ | (စန္ဒရားထွန်းညွှန့်) |
| (ဃ) အန္တရာယ်ကင်း | (ဂီတာစိမ်းမောင်၊ရွှေတိုင်ညွှန့်) |

**၈။ အခြေခံ (၁၅–၂၀) အမျိုးသမီး**

| | |
|---|---|
| (က) ရွှေဖိုးခေါင် | (ဒေစီကျော်ဝင်း) |
| (ခ) ဟေမန္တရဲ့သဘာဝ | (သင်းသင်းမြတ်) |
| (ဂ) ပါရမီတော် | (တင်တင်မြ) |
| (ဃ) မေတ္တာသံဝေ | (လှလှရီ) |

**၉။ အခြေခံ (၁၀–၁၅) အမျိုးသား**

| | |
|---|---|
| (က) ဗုံကြီးသံ | (သန်းထွန်းလေး) |
| (ခ) ရှင်သီဝလိ | (ပြည်လှဖေ) |
| (ဂ) မောင့်တိုင်းပြည် | (ရေနံ့သာဝင်းမောင်) |
| (ဃ) ဂုဏ်တော်ဖွင့် | (ပြည်လှဖေ) |

**၁၀။ အခြေခံ (၁၀–၁၅) အမျိုးသမီး**

| | |
|---|---|
| (က) သီရိရတနာ | (ဒေါ်ကြည်အောင်) |
| (ခ) အဆင်းလှတဲ့ပင်းတယ | (ခင်သစ်လွင်) |
| (ဂ) ဓမ္မစကြာတော် | (မြင့်မြင့်ရှိန်) |
| (ဃ) ဆံရစ်ဝိုင်း | (ကြည်ကြည်ဝင်း) |

(ဆက်လက်ဖော်ပြပါမည်)

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မုံရွာ သြဂုတ် ၂၄

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်မင်းကျော်သူက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားရေးရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သမ္မတကြီး၏ ပြည်ပချစ်ကြည်ရေးခရီးစဉ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား အပြည့်အဝထောက်ခံကြောင်း" အဆိုတင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းနောက် ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်မင်းကျော်သူက တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပြီး လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ကြယ်ပွင့်ပြထားသည့် မေးခွန်းငါးခုကို မေးမြန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးများက ဖြေကြားကြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို သြဂုတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ၊ ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ ပြန်လည်ဖြေကြား

ရန်ကုန် သြဂုတ် ၂၄

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၏ ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Mr. Peter John Cross အား လက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၂၄



အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services – UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Mr. Peter John Cross အား ယနေ့နံနက်ပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) မှ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မကွေးမြို့နယ်၌ အခြေခံနှင့် မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

မကွေး သြဂုတ် ၂၄

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဒေသတွင်း အသေးစားကုန်ထုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို သြဂုတ် ၂၃ ရက် နံနက်ပိုင်းက မကွေးမြို့နယ် ယင်းသာစည်(န) ကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်၊ သင်တန်းထွက်ကုန်ချောပစ္စည်းများနှင့် ထူးချွန်သင်တန်းသူ ငါးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)



## ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် သြဂုတ် ၂၄

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ Myanmar Nature Tact Company က တင်ဒါအောင်မြင် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆင်လမ်း–ဆင်ဖြူအင်း–အုတ်ဖိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်ဦးစီးမှူးနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆင်လမ်း–ဆင်ဖြူအင်း–အုတ်ဖိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည် ။

ခရိုင်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## အရှေ့အလယ်ပိုင်းအရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ပန်ကြား

ပေကျင်း ဩဂုတ် ၂၄


လက်ရှိအချိန်တွင် အရှေ့အလယ်ပိုင်းဒေသအခြေအနေသည် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေသဖြင့် အရှေ့အလယ်ပိုင်း အရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် သက်ဆိုင်ရာ တာဝန်ရှိသည့်အဖွဲ့အစည်းများအား တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဩဂုတ် ၂၄ ရက်တွင် ပန်ကြားခဲ့သည်။

ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်ဂျာရက်ဂျဗာအယ်လ်အာမက်အယ်ရှာဗတ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ဝမ်ယိက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ကူဝိတ်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို အရေးကြီးသည့်ကိစ္စအဖြစ်သတ်မှတ်ကြောင်းနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၅၅) နှစ်ပြည့်မြောက်သည့် ယခုနှစ်ကာလကို အခွင့်အလမ်းတစ်ခုအဖြစ်သတ်မှတ်၍ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဆက်ဆံရေးကို ခိုင်မာစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝမ်ယိက ပြောကြားသည်။ ကူဝိတ်နိုင်ငံတွင် တည်ရှိသည့် တရုတ်နိုင်ငံ၏ စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများတွင် တာဝန်ထမ်းဆောင်သည့် တရုတ်နိုင်ငံသားများအား ကူဝိတ်နိုင်ငံက ကာကွယ်စောင့်ရှောက်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တရုတ်နိုင်ငံက ကာလရှည်ကြာ ရပ်တည်ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်ဂျာရက်ဂျဗာအယ်လ်အာမက်အယ် ရှာဗတ်က ပြောကြားသည်။

ကူဝိတ်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုသာ ကျင့်သုံးမည်ဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အရှေ့အလယ်ပိုင်းနှင့် ပင်လယ်ကွေ့ဒေသတွင် လုံခြုံရေးနှင့် တည်ငြိမ်မှုကို ပြန်လည်ထူထောင်ရန်နှင့် နိုင်ငံတကာရေလမ်းကြောင်းများ၏ လွတ်လပ်မှုနှင့် ဘေးကင်းမှုကို ကာကွယ်ရန်အတွက် ကူဝိတ်နိုင်ငံက တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



## ဂျပန်နိုင်ငံရှိ လူမှုမီဒီယာများ အွန်လိုင်းပေါ်တွင် ကလေးများ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်နိုင်မည့် နည်းစနစ်များအား စတင်မိတ်ဆက်

တိုကျို ဩဂုတ် ၂၄

ဂျပန်နိုင်ငံရှိ လူမှုမီဒီယာများသည် မိဘအုပ်ထိန်းသူများအား အွန်လိုင်းပေါ်တွင် ကလေးများ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်နိုင်မည့် နည်းစနစ်များအား စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

ယခုဆောင်ရွက်ချက်သည် ကလေးများ လူမှုမီဒီယာအလွန်အကျွံသုံးစွဲခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း အစိုးရက သုံးသပ်ခဲ့ပြီးနောက် ဆောင်ရွက်ခြင်းဖြစ်သည်။ အမေရိကန်လူမှုမီဒီယာမီတာက ဂျပန်နိုင်ငံရှိ ၎င်း၏ အင်စတာဂရမ် ပလက်ဖောင်းတွင် မိဘများအား သတိပေးချက်ပေးပို့သည့်စနစ်ကို ယခုလအတွင်းစတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါစနစ်အရ လူမှုမီဒီယာသုံးစွဲသူကလေးများ မိမိကိုယ်ကို အဆုံးစီရင်ရန် ကြိုးစားပါက မိဘအုပ်ထိန်းသူများအနေဖြင့် သတိပေးချက်များလက်ခံရရှိမည်ဖြစ်သည်။

၎င်းသတိပေးချက်စနစ်တွင် ကလေးများအား အထက်ပါအခြေအနေမှ ကယ်တင်ရန် နည်းလမ်းများကို အကြံပြုထားသည်။ လူမှုမီဒီယာတစ်တော့ခ်ကလည်း မိဘအုပ်ထိန်းသူများအား လူမှုမီဒီယာသုံးစွဲခွင့်ပြုသည့်အချိန်ကို ကန့်သတ်ခွင့်ပြုခြင်းဖြင့် မသင့်လျော်သည့်အကြောင်းအရာများအား ကြည့်ရှုခွင့်ပိတ်ပင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

## နယူးဇီလန်၌ အသက် ၁၆ နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့်ပိတ်ပင်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်

ဝယ်လင်တန် ဩဂုတ် ၂၄

နယူးဇီလန်အစိုးရသည် နိုင်ငံအတွင်းရှိ အသက် ၁၆ နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့်ပိတ်ပင်မည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထုတ်ပြန်

ယခုဆောင်ရွက်မည့် အွန်လိုင်းဘေးကင်းရေးဥပဒေအရ ဆိုရှယ်မီဒီယာပလက်ဖောင်းများဖြစ်သည့် အင်စတာဂရမ်၊ တစ်တော့ခ်၊ စနတ်ချက်နှင့် ဖေ့ဘွတ်ခ်တို့အနေဖြင့် သုံးစွဲသူများအား အသက် ၁၆ နှစ်အောက်ဖြစ်ကြောင်း ၎င်းတို့ဖွင့်လှစ်ထားသည့် အကောင့်ပါအချက်အလက်များ၊ မျက်နှာပြင်ဖတ်နည်းပညာအပါအဝင် တရားဝင်အချက်အလက်များ အသုံးပြု၍ စိစစ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ဟု အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဥပဒေအရ ဆိုရှယ်မီဒီယာပလက်ဖောင်းများအနေဖြင့် ၎င်းတို့၏ စာမျက်နှာများအားသုံးစွဲနေသည့်ကလေးများ အွန်လိုင်းတွင်ကြုံတွေ့နေရသည့် အန္တရာယ်များကို လျှော့ချပေးရေးအတွက် တာဝန်ရှိသည်။

အထက်ပါစည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သည့် လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ဝင်ငွေမှ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးရမည်ဖြစ်ပြီး ယခုစည်းမျဉ်းအား ဉာဏ်ရည်တုနည်းပညာသုံး ပလက်ဖောင်းများကလည်း လိုက်နာဆောင်ရွက်ရမည်ဟု သိရသည်။

ယခုဥပဒေအရ ဆိုရှယ်မီဒီယာများအား စစ်ဆေးရန် ပြည်ထဲရေးဝန်ကြီးဌာနက အွန်လိုင်းဘေးကင်းရေး စည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု ဖွဲ့စည်းသွားမည်ဖြစ်သည်။

ဆိုရှယ်မီဒီယာ ပလက်ဖောင်းများသည် အသက် ၁၆ နှစ်အောက်ရှိသူများအတွက် မသင့်လျော်သည့် ဖော်ပြချက်များဖော်ပြနေကာ နည်းပညာအပေါ် အလွန်အကျွံစွဲလမ်းမှုနှင့် စွဲလမ်းမှုကြောင့် ဖြစ်လာသည့် ဖိအားများရှိနေပြီး ကျန်းမာရေးနှင့် ပညာရေးကို ထိခိုက်စေကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ်စတိုဖာလူဇွန်က ပြောကြားသည်။

ယခုပြဋ္ဌာန်းမည့် ဥပဒေအရ ဆိုရှယ်မီဒီယာလုပ်ငန်းများအနေဖြင့် အွန်လိုင်းသုံးစွဲသူကလေးများအား ကာကွယ်မှုပေးရန် တာဝန်ရှိသည်ဟု သတ်မှတ်ထားသော်လည်း အဆိုပါဥပဒေအရ အွန်လိုင်းသုံးစွဲသူ ကလေးများနှင့် အုပ်ထိန်းသူများအား အရေးယူဆောင်ရွက်မည်မဟုတ်ကြောင်း ပညာရေးဝန်ကြီး အဲရက်ကာ စတန်းဖို့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ခံရသူ ၅၅၀၀ ကျော် ရှိလာ

ကင်ရှာဆာ ဩဂုတ် ၂၄

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ခံရသူ ၅၅၀၀ ကျော်ရှိပြီး သေဆုံးသူ ၂၆၀၀ ကျော်ရှိကြောင်း အစိုးရက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားမှုသည် အဆုံးအဖြတ်ပေးမည့် အလှည့်အပြောင်းတစ်ခုသို့ ဦးတည်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

နောက်ဆုံးရရှိသည့် တရားဝင်အချက်အလက်များအရ နိုင်ငံအတွင်း အီဘိုလာရောဂါအတည်ပြုကူးစက်ခံရသူ ၅၅၁၄ ဦးနှင့် သေဆုံးသူ ၂၆၄၂ ဦးရှိကြောင်း သိရသည်။ အီဘိုလာရောဂါကြောင့် သေဆုံးသူ ၄၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ရောဂါကူးစက်ခံရသူ ၁၂၀၀ မှာ ကျန်းမာရေးပြန်လည်ကောင်းလာခဲ့သည်။ အီဘိုလာရောဂါကူးစက်မှုများကို နိုင်ငံအတွင်းရှိ အိုင်တူယီ၊ မြောက်ကီဗူ၊ တောင်ကီဗူ၊ ဟော့ယူလီ၊ ဗတ်ယူလီနှင့် ရှိုပိုဒေသများတွင် တွေ့ရှိခဲ့ရကြောင်း သိရသည်။

ရောဂါကုသရေးအတွက်လိုအပ်သည့် အရင်းအမြစ်များရရှိရန်နှင့် ပြည်တွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်အက်ဒနွန်ဂါဘရီယီဆက်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## အယ်လ်နီညိုဖြစ်စဉ်နှင့် မီးခိုးမြူငွေ့ကာကွယ်ရေး မလေးရှားနှင့် အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်

ကွာလာလမ်ပူ ဩဂုတ် ၂၄

မလေးရှားနိုင်ငံသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပွားလာသည့် မီးလောင်မှုများအား ကာကွယ်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး အာသာဂျိုးဇက်ကူရက်က ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ထို့ပြင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ထိန်းချုပ်ရေးသည် မိမိတို့နှစ်နိုင်ငံလုံးအတွက် ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း အင်ဒိုနီးရှားသဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး မိုဟာမက်ဂျန်မာဟီဒီရက်နှင့် ဖုန်းမှတစ်ဆင့် ဆွေးနွေးစဉ် ၎င်းကပြောကြားသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ယခုနှစ် အောက်တိုဘာလအတွင်း အားကောင်းလာနိုင်သဖြင့် နှစ်နိုင်ငံလုံးက ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။



မလေးရှားနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံအား အိမ်နီးချင်းကောင်းစိတ်ဓာတ်နှင့် အာဆီယံအဖွဲ့၏ညီညွတ်မှုကို အခြေခံပြီး မီးလောင်ကျွမ်းမှုငြိမ်းသတ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် မလေးရှားနိုင်ငံအတွင်းရှိဒေသ ၁၂ ခုတွင် မသင့်တော်သည့် လေထုအရည်အသွေးအညွှန်းကိန်းများ ဖြစ်နေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေအားလျှပ်စစ်

ကိုဘုန်း

**လျှပ်စစ်စွမ်းအင်သည် ခေတ်သစ်လူ့ဘောင်လောက၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အခြေခံအကျဆုံးသော မောင်းနှင်အားတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝမြင့်မားမှုနှင့် စက်မှုကဏ္ဍများ ရှင်သန်မှုသည် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိမှုအပေါ်တွင် များစွာမူတည်နေသည်။**

နိုင်ငံတိုင်းက မိမိတို့ပိုင်ဆိုင်ထားသော သဘာဝအရင်းအမြစ်များကိုအခြေခံ၍ လျှပ်စစ်ဓာတ်အား ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ နှစ်စဉ်တိုးပွားလာသော လူဦးရေနှင့် မြင့်တက်လာသော လူမှုစီးပွားအခြေအနေများကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်က အဆမတန်ကြီးထွားလျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အကောင်အထည်ပေါ်စေရန် ဓာတ်အားလုံလောက်ရုံမျှမက ပိုလျှံအောင်ထုတ်လုပ်နိုင်ရေးသည် မရှောင်လွှဲနိုင်သော တာဝန်တစ်ရပ်ဖြစ်လာပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်မှ အများဆုံးရယူသုံးစွဲလျက်ရှိသော်လည်း ထုတ်လုပ်နိုင်မှုနှင့် သုံးစွဲမှုမျှတမှုမရှိခြင်းကြောင့် ဓာတ်အားလိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ဤအခြေအနေသည် နိုင်ငံ၏ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအားထုတ်ရန် လိုအပ်ကြောင်း ထင်ရှားစွာညွှန်ပြနေသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်မှ ထပ်မံထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များစွာ ကျန်ရှိနေသေးသည်။ ရေအရင်းအမြစ် ရှားပါးသော အခြားနိုင်ငံများက နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေအသုံးပြုနေကြရချိန်တွင် မြန်မာနိုင်ငံက သဘာဝအရပေါ်များကြွယ်ဝစွာရရှိထားသော ရေအရင်းအမြစ်များကို ထိရောက်စွာ အသုံးမချနိုင်သေးသည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေး၌ လိုအပ်ချက်များ ရှိနေခြင်းဖြစ်သည်။ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော လျှပ်စစ်နှင့် စွမ်းအင်ကို ဖြည့်ဆည်းနိုင်မှသာလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

> **“မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် ဘူမိဗေဒနှင့် ငလျင်ဆိုင်ရာပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး ရစ်ချ်တာစကေး ၈ မဂ္ဂနီကျူအထိ ခံနိုင်ရည်ရှိသည့်ဒီဇိုင်းများဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ဤသို့ဖြင့် ရောဝတီမြစ်ဝှမ်းဒေသတွင် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွှားနိုင်ပြီး ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာ မြင့်မားတိုးတက်လာမည်”**

> **“နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထောက်အကူပြုမည့် ရောဝတီမြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ကြီးမားသော အမျိုးသားရေးလုပ်ငန်းကြီး အောင်မြင်စေရေးသည် ဒေသခံမိဘပြည်သူများ၏ ထောက်ခံအားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်တွင် များစွာမူတည်နေပါသည်။ မိမိတို့၏ကိုယ်ကျိုး၊ မိမိတို့ဒေသအကျိုးနှင့် တစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက်ရှေးရှုလျက် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်မှာ ခေတ်စိန်ခေါ်မှုများကို ကျော်လွှားပြီး သာယာဝပြောသော အနာဂတ်ကိုတည်ဆောက်ရာတွင် အဓိကကျသောအချက်ပင်ဖြစ်”**

### လျှပ်စစ်ဓာတ်အား ဖူလုံရေး၏ အခြေခံအကျိုးကျေးဇူးများ

လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ခေတ်မီတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ ဆည်မြောင်းစနစ်များ၊ စက်မှုလယ်ယာသုံးစက်ကိရိယာများနှင့် အအေးခန်းသိုလှောင်ရုံများ ဆောင်ရွက်နိုင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေသည်။ ထို့ပြင် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်သော စက်မှုလုပ်ငန်းများ ထူထောင်ရန်အတွက်လည်း လျှပ်စစ်ဓာတ်အားသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖူလုံမှုသည် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။

### ရေအားလျှပ်စစ်၏ အရေးပါမှုနှင့် အကျိုးကျေးဇူးများ

ရေအားလျှပ်စစ်စီမံကိန်းများသည် ကနဦးတည်ဆောက်ချိန်တွင် ကုန်ကျစရိတ် အတန်အသင့်ရှိသော်လည်း ကာလရှည်ကြာတည်ဆောက်ရသည့် သဘောရှိသည်။ ယခုအချိန် စတင်တည်ဆောက်ပါက ငါးနှစ်မှ ဆယ်နှစ်ခန့်ကြာမြင့်နိုင်ပြီး ယင်းစီမံကိန်းများသည် အနာဂတ်နိုင်ငံတော်နှင့် မျိုးဆက်သစ်များအတွက် လိုအပ်သောစွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်မည့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အဓိကအားသာချက်မှာ လည်ပတ်မှုစရိတ်နှင့် လောင်စာဖိုးကုန်ကျမှုမရှိခြင်းပင်ဖြစ်သည်။ ဤအချက်ကြောင့် ရေအားလျှပ်စစ်သည် လေအား၊ နေအား၊ ဓာတ်ငွေ့အားနှင့် ကျောက်မီးသွေးအား စီမံကိန်းများထက် ရေရှည်တွင် ကုန်ကျစရိတ် သိသိသာသာ သက်သာသည်။ ထို့ကြောင့်ပင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားက မိမိတို့နိုင်ငံအတွင်း ကြွယ်ဝသည့် ရေအရင်းအမြစ်များကိုအခြေခံ၍ ရေအားလျှပ်စစ်စီမံကိန်းများကို ရနိုင်သမျှ ဆက်လက်တည်ဆောက်နေကြခြင်းဖြစ်သည်။

ထို့ပြင် **ရေအားလျှပ်စစ်စီမံကိန်းများသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပြင် ဆည်တမံကြီးများမှတစ်ဆင့် မြစ်ရေကြီးမှုအန္တရာယ်ဘေးမှ ကာကွယ်နိုင်ခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုခြင်း စသည့် ဘက်စုံအကျိုးကျေးဇူးများကိုပါ ပေးအပ်နိုင်သည်။ ရေအားလျှပ်စစ်စီမံကိန်းများ ဖော်ဆောင်ရေးကာလမှာ ငါးနှစ်မှ ဆယ်နှစ်ခန့်အထိ ကြာမြင့်နိုင်သည့်အတွက် အနာဂတ်လိုအပ်ချက်များကို ကြိုတင်မျှော်မှန်းကာ ယခုကတည်းက စတင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။**

### ရောဝတီမြစ်ဆုံ – မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း၏ အရေးပါမှု

မြန်မာနိုင်ငံတွင် ကြွယ်ဝစွာရှိသော်လည်း အကောင်အထည်မဖော်ရသေးသည့် အခြေခံအရင်းအမြစ်များအနက် ရောဝတီမြစ်ဆုံ–မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ် စီမံကိန်းက နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိသည်။

**ဤစီမံကိန်း အကောင်အထည်ဖော်နိုင်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နေရာဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ရာ အလှမ်းဝေးကွာသောဒေသများအထိ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

ဤသို့ ဆောင်ရွက်ရာတွင် ရရှိနိုင်သော စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာအသုံးချခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်ရေး အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါသည်။ မြစ်ဆုံစီမံကိန်းမှထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက်သာ ဦးစားပေးရမည်ဖြစ်သည်။ ပြည်နယ်အတွင်း လိုအပ်သည့်လျှပ်စစ်ဓာတ်အားကို သုံးစွဲပြီးနောက် ပိုလျှံသည့်ဓာတ်အားကို ပြည်မနှင့် အခြားပြည်နယ်များရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် မျှဝေသုံးစွဲသွားရမည်ဖြစ်သည်။

ဤသည်မှာ တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးအတွက် အရေးပါသောချဉ်းကပ်မှုတစ်ရပ်လည်းဖြစ်ပါသည်။ ထို့အပြင် ဆည်တမံတည်ဆောက်နိုင်ခြင်းကြောင့် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးရေရရှိရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

ရောဝတီမြစ်ဆုံ–မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အလားအလာရှိသော စီမံကိန်းကြီးတစ်ခုဖြစ်ပြီး စီမံကိန်းအပြီးသတ်ဆောင်ရွက်နိုင်ပါက –

၁။ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်။

၂။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်။

၃။ ဒေသခံများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော စီမံကိန်းကြီးများကို ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများတွင် အောင်မြင်စွာတည်ဆောက်လည်ပတ်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ တရုတ်၊ ဂျပန်၊ အမေရိကန်၊ ရုရှား၊ အီဂျစ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် အလွန်ကြီးမားသော ရေအားလျှပ်စစ်တမံကြီးများရှိပြီး ယင်းတို့သည် ထိုနိုင်ငံနှင့် ဒေသများအတွက် အန္တရာယ်မရှိသည့်အပြင် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် ဘူမိဗေဒနှင့် ငလျင်ဆိုင်ရာပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး ရစ်ချ်တာစကေး ၈ မဂ္ဂနီကျူအထိခံနိုင်ရည်ရှိသည့် ဒီဇိုင်းများဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ဤသို့ဖြင့် ရောဝတီမြစ်ဝှမ်းဒေသတွင် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွှားနိုင်ပြီး ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထောက်အကူပြုမည့် ရောဝတီမြစ်ဆုံ–မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ ကြီးမားသော အမျိုးသားရေးလုပ်ငန်းကြီး အောင်မြင်စေရေးသည် ဒေသခံမိဘပြည်သူများ၏ ထောက်ခံအားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်တွင် များစွာမူတည်နေပါသည်။ မိမိတို့၏ ကိုယ်ကျိုး၊ မိမိတို့ဒေသအကျိုးနှင့် တစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက်ရှေးရှုလျက် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်မှာ ခေတ်စိန်ခေါ်မှုများကို ကျော်လွှားပြီး သာယာဝပြောသောအနာဂတ်ကို တည်ဆောက်ရာတွင် အဓိကကျသောအချက်ပင်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံတစ်ခုဖြစ်ပါသည်။ ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကမောင်းနှင်အားဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အားဖူလုံရေးသည် အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်တိုးတက်များပြားလျက်ရှိရာ လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံစေရန် ကြိုတင်စီမံဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကြွယ်ဝသော ရေအားအရင်းအမြစ်ကိုအခြေခံ၍ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ အလှမ်းဝေးကွာသော ဒေသများအထိ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းခြင်းနှင့် ထုတ်လုပ်သည့်ဓာတ်အားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှဝေသုံးစွဲခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်။ ဤသို့ကြိုတင်စီမံဆောင်ရွက်မှုများသည် အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံမှုကို သေချာစေမည်ဖြစ်ပြီး နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

# လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု ပါဝင်ယှဉ်ပြိုင်နိုင်ရေး သန့်ရှင်းရေးသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်



ရန်ကုန် ဩဂုတ် ၂၄

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု ပါဝင်ယှဉ်ပြိုင်ရန် အဆိုပြု တင်ပြလာသည့် အထက်တန်းအဆင့်ကျောင်း ၁၅ ကျောင်း၊ အလယ်တန်းအဆင့် ကျောင်း ၁၄ ကျောင်းနှင့် မူလတန်းအဆင့်ကျောင်း ၁၂ ကျောင်း စုစုပေါင်း ၄၁ ကျောင်း၏ တာဝန်ရှိသူများထံ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက သန့်ရှင်းရေးသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု ပါဝင်ယှဉ်ပြိုင်နိုင်ရေး အခြေခံပညာကျောင်းများအား ပတ်ဝန်းကျင်ဘာသာရပ်ဆိုင်ရာ ဆင့်ပွားသင်တန်းပေးခြင်း၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားတွင် ယင်းသို့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပတ်ဝန်းကျင်ဘာသာရပ်ဆိုင်ရာ ဆင့်ပွားသင်တန်းတွင် နည်းပြများက သင်တန်းသား သင်တန်းသူ ၈၂ ဦးအား တစ်ရက်တာ သင်ကြားပို့ချခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးနှင့် ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မြစ်ကြီးနားတက္ကသိုလ်၌ နိုင်ငံတကာပညာရေးဖိုရမ်(၂၀၂၆) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး



မြစ်ကြီးနား ဩဂုတ် ၂၄

မြစ်ကြီးနား တက္ကသိုလ်၌ နိုင်ငံတကာပညာရေး ဖိုရမ်(၂၀၂၆) ကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ ၁၇ ခုကို ဖွဲ့စည်းထားကာ သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည့် ဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်း အစည်းအဝေးမှ သိရသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ် ဝန်ကြီးများနှင့် တက်ရောက် လာကြသူများက ဖိုရမ်ကျင်းပမည့် အစီအစဉ်များ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ တင်ပြမှု အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နံနက်ပိုင်းကလည်း အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ပြည်နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် အခြေခံပညာအဆင့် ပန်းချီ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့အတူ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းချုပ်နှင့် ပြည်နယ်မိခင်နှင့်ကလေးအသင်း အဖွဲ့ဝင်များနှင့် အတူ အလယ်တန်း ကျောင်းသားများအား သန့်ချဆေးနှင့် ကျောင်းသူများအား သံဓာတ်အားဆေး တိုက်ကျွေးကြကာ ကျန်းမာရေး အသိပညာပေးပြခန်းများ ဖွင့်လှစ်ပြသထားရှိမှုနှင့် KG ကလေးငယ်များအား ကျောင်းတွင်းအာဟာရ ကျွေးမွေးမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။

(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။

(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၀၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**



# ဒိုက်ဦးမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးဆောင်ရွက်

ဒိုက်ဦး ဩဂုတ် ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ဒိုက်ဦးမြို့နယ်တွင် သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်စီမံကိန်းဆောင်ရွက်ရန်အတွက် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးဦးစီးမှူးက စနစ်ကျ လယ်ယာမြေဖော်ဆောင်ပြီးသော တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ရှိသည့် သပြေတောကျေးရွာရှိ အောင်သပြေစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ ကျွဲခင်တန်းကျေးရွာရှိ ရွှေခင်တန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများအား ၎င်းတို့ကျေးရွာများရှိ ဓမ္မာရုံများတွင် တွေ့ဆုံပြီး သမဝါယမစနစ်ကို အခြေခံ၍တောင်သူများ သီးနှံများ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချသည့်အတွက် ကုန်ကျစရိတ် သက်သာမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ၏ အဏ္ဏဝါဂေဟစနစ် ခရီးသွားလုပ်ငန်း အလားအလာဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ၏ ပင်လယ်နှင့် ကမ်းရိုးတန်းဒေသများရှိ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရင်း အဏ္ဏဝါဂေဟစနစ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ FREDA က ကြီးမှူးသည့် စတုတ္ထအကြိမ်မြောက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက်တွင် Zoom Online မှတစ်ဆင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် "The Perspective of Marine Ecotourism in Myanmar" (မြန်မာနိုင်ငံ၏ အဏ္ဏဝါဂေဟစနစ် ခရီးသွားလုပ်ငန်း အလားအလာ) ခေါင်းစဉ်ဖြင့် Shan Yoma Travel & Tours Co., Ltd. ၏ မန်နေဂျင်း ဒါရိုက်တာ ဦးလှအေးက ဟောပြောဆွေးနွေး ပေးသွားမည်ဖြစ်သည်။

Marine Ecotourism ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ ပင်လယ်နှင့် ကမ်းရိုးတန်းဂေဟစနစ်များကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာအသိပညာများ မျှဝေပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ လက်ရှိတွင် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်လာပြီး ဂေဟစနစ်ပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်းတို့ကို ရင်ဆိုင်နေရသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်မည့် Ecotourism ၏ အရေးပါမှုကိုလည်း ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။

စတုတ္ထအကြိမ်အဖြစ်ပြုလုပ်မည့် အဆိုပါဟောပြောပွဲကို ဩဂုတ် ၂၉ ရက် (စနေနေ့) ည ၇ နာရီမှ ၉ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Zoom ID 732 586 5920 နှင့် Passcode 13111983 တို့ဖြင့် ဝင်ရောက်တက်ရောက်နိုင်ကြောင်း သိရသည်။

MT

## ပဲခူးမြို့ (၆၆) ကေဗွီ ပဲခူး အမှတ် (၆) ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ (၆၆) ကေဗွီ ပဲခူး အမှတ် (၆) ဓာတ်အားလိုင်းကို ဓာတ်အားလိုင်း အပြစ်မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ဓာတ်အားလိုင်း စစ်ဆေးပြုပြင်ခြင်း၊ သစ်ပင်သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံ Switch Yard များနှင့် Distribution Panel များကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ရေိယာအတွင်း ပါဝင်သည့် ရုံးဌာနများနှင့် စက်ရုံ/အလုပ်ရုံများသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မင်းဘူး(စကု)မြို့နယ်၌ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မင်းဘူး ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဦးဆောင်ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ရေမျက်-မောင်းမကန် ကျေးရွာချင်းဆက်လမ်းဘေးရှိ မိုင်တိုင်အမှတ် (၄) မိုင် (၂) ဖာလုံ၌ ကျင်းပသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက စိုက်ပျိုးပြီးအပင်များ အောင်မြင်ဖြစ်ထွန်းပြီး ရှင်သန်စေရန် သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းကာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများထံ၌ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက တမာ၊ ထန်း၊ မန်ကျည်း၊ ဆီးဖြူ၊ သရက်၊ ရင်းမာ၊ ဖျောက်ဆိပ်၊ ညောင်ချဉ်၊ မဲဇလီ၊ ကုက္ကို၊ ပိတောက်၊ ဘောစကိုင်းနှင့် ဆီး စသည့် အရိပ်ရပျိုးပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**




## တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြော

လှိုင်ကော် ဩဂုတ် ၂၄

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ( ၂၀၂၃ - ၂၀၂၇ ) ၏ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် ( ၂၀၂၆ ) အရ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လှိုင်ကော်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေစကြိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရေစကြို ဩဂုတ် ၂၄

ရေစကြိုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေစကြိုမြို့နယ်ဦးစီးမှူးရုံးက ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို ရေစကြိုမြို့ အထက(စိတ္တသုခ)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေစကြိုမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်မိုးနှင့် ဝန်ထမ်းများက အသက် (၁၀)နှစ်ပြည့်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀ ကို နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဝေဇင်မို့(ရေစကြို)**

## စားအုန်းဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးဖြင့် ရောင်းချမှုရှိ၊ မရှိ စစ်ဆေး

ပေါက်ခေါင်း ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ ပေါက်ခေါင်းမြို့နယ်စားအုန်းဆီဖြန့်ဝေရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပေါက်ခေါင်းမြို့ပေါ်ရှိ စားအုန်းဆီ လက်လီ၊ လက်ကားအရောင်းဆိုင်များအား ရည်ညွှန်းဈေးဖြင့် ရောင်းချမှုရှိ၊ မရှိနှင့် သတ်မှတ်အရေအတွက်အတိုင်း ရောင်းချမှုရှိ၊ မရှိကို ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ ပေါက်ခေါင်းမြို့နယ် စားအုန်းဆီဖြန့်ဝေရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ ပေါက်ခေါင်းမြို့ပေါ်ရှိ စားအုန်းဆီ လက်လီ၊ လက်ကားအရောင်းဆိုင်များမှ ပြည်သူ့အရောင်းဆီများအား ပြည်သူ့များထံသို့ ရည်ညွှန်းဈေးအတိုင်းအပြည့်အဝရောင်းချပေးမှုရှိ/မရှိနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေမှု ရှိ/မရှိအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## မြသလ္လာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

မုံရွာ ဩဂုတ် ၂၄

စစ်ကိုင်း တိုင်းဒေသကြီး မုံရွာမြို့ မြသလ္လာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက သလ္လာရပ်ကွက် အသင်းရုံးခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် မုံရွာမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်လွင်က အသင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းလုပ်ငန်းများကို အသင်းသားများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး အသင်း၏ အမှုဆောင်သုံးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား တက်ရောက်လာသော အသင်းသားများ၏ အဆိုပြုထောက်ခံချက်များအတိုင်း ညှိနှိုင်းရွေးချယ် အတည်ပြုကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## အုတ်ဖိုမြို့၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ ကျင်းပ

အုတ်ဖို ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ရှားတောကွင်းကျေးရွာအုပ်စု စိန်ချောင်းကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာနေပြည်သူ ၆၂ ဦး၏ လက်ဝယ်သို့ မြေငှားဂရန် ၁၀ ဒသမ ၈၉၈ ဧကကို ပေးအပ်ခဲ့ကြောင်းသိရသည်။



**အောင်သူ(အုတ်ဖို)**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန် အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## လူသားနှင့် ဗုဒ္ဓဓမ္မပညာ




ပါမောက္ခ ဒေါက်တာအရှင်စန္ဒာဝရ ရေးသားသည့် လူသားနှင့် ဗုဒ္ဓဓမ္မပညာ စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အရဟံသင်တန်းသားများ၏ ရင်တွင်းစကားသံများ၊ အပိုင်း(၁) လူသား၏အဓိပ္ပာယ်နှင့် လူသားတန်ဖိုး၊ အပိုင်း(၂) ဗုဒ္ဓဓမ္မပညာ၏အဓိပ္ပာယ်၊ အပိုင်း(၃) ဗုဒ္ဓဓမ္မပညာရပ်ဆိုင်ရာများနှင့် နိဂုံး လူမှုရေးပြဿနာများနှင့် ဗုဒ္ဓဓမ္မပညာဟူ၍ ပါရှိသည်။

စာအုပ်ကို လူသားပြဿနာ-ဗုဒ္ဓဓမ္မ၏ဖြေရှင်းချက်-လက်တွေ့လေ့ကျင့်မှု-ငြိမ်းချမ်းမှုနှင့် လူမှုရေးသဟဇာတပုံစံဖြင့် ရေးသားတင်ပြထားသည့်အတွက် စာဖတ်သူများအတွက် တစ်စုံတစ်ခုသော အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဖြစ်သည်။ လူသားတိုင်း ဗုဒ္ဓ၏ဓမ္မကို လေ့လာနေခြင်းအားဖြင့် အသိပညာမျိုးစုံကို ရရှိမည်။ ဗုဒ္ဓ၏ဓမ္မကို ကျင့်သုံးခြင်းအားဖြင့် ဘဝကိုပြောင်းလဲစေမည်။ ဗုဒ္ဓ၏ဓမ္မကို နားလည်ခြင်းအားဖြင့် ငြိမ်းချမ်းမှုကို ရရှိလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူသားနှင့် ဗုဒ္ဓဓမ္မပညာသည် ဘာသာရေးစာပေသာမက လူသားဘဝကို မြင့်မားစေနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ဘဝပညာဖြစ်ကြောင်း ဆရာတော်က မိန့်ဆိုထားသည်။

စာအုပ်ကို ကိုလတ်စာပေ၊ ၀၉၈၈၅၀၂၀၀၆၈၊ ၀၉၉၆၅၀၂၀၀၆၈၊ အမှတ် (၂၂၀)၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်နှင့် အရဟံဖောင်ဒေးရှင်း (ဗဟို)၊ ၀၉၂၀၂၃၁၀၄၊ သုမင်္ဂလာလုံးချင်းအိမ်ရာဝင်း၊ ဘုရားသုံးဆူဓမ္မပါလစာသင်တိုက် (အတွင်း)၊ ILBC အနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကမ္ဘာ့စနစ်ကွဲပြားလာသည့်ခေတ်အတွင်း မြန်မာနိုင်ငံ

### မဟာဗျူဟာလွတ်လပ်ခွင့်နှင့် အင်စတီကျူးရှင်းပြောင်းလဲရေး




ကျော်လှိုင်ရေးသားသည့် ကမ္ဘာ့စနစ်ကွဲပြားလာသည့်ခေတ်အတွင်း မြန်မာနိုင်ငံ မဟာဗျူဟာလွတ်လပ်ခွင့်နှင့် အင်စတီကျူးရှင်းပြောင်းလဲရေးစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင်အပိုင်း (၁)ကမ္ဘာ့စနစ်နှင့်မဟာဗျူဟာအနေအထားများ၊ အပိုင်း(၂) နိုင်ငံများ၏ မဟာဗျူဟာများကို နှိုင်းယှဉ်လေ့လာခြင်း၊ အပိုင်း(၃) မဟာဗျူဟာဆုံချက်တွင်တည်ရှိသော မြန်မာနိုင်ငံ၊ အပိုင်း (၄) အင်စတီကျူးရှင်းပြုပြင်ပြောင်းလဲရေးနှင့် မဟာဗျူဟာလွတ်လပ်ခွင့် စသည့်အပိုင်းကြီး (၄)ပိုင်းနှင့် အခန်းပေါင်း(၁၁)ခန်းပါဝင်သည်။

၎င်းစာအုပ်သည် စာဖတ်သူအမျိုးမျိုးအတွက်ရည်ရွယ်၍ ရေးသားထားသော တိုင်းပြုပြည်ပြုစာအုပ်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများအတွက် နိုင်ငံတကာဖွဲ့စည်းပုံ ပြောင်းလဲမှုများနှင့် ပြည်တွင်း အင်စတီကျူးရှင်းစွမ်းရည်တို့ ချိတ်ဆက်နေသည့် သဘောတရားကို ဖော်ပြထားသည်။ မူဝါဒရေးဆွဲသူများအတွက် မဟာဗျူဟာဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန် လိုအပ်သော အဓိကအင်စတီကျူးရှင်းမဏ္ဍိုင်ကြီးလေးရပ်ကို စနစ်တကျ ခွဲခြမ်းလေ့လာတင်ပြထားသည်။။

စာအုပ်ကို Myanmar Survey Research၊ ၀၉ ၅၁၈၃၇၀၄၆၄၊ ကွမ်းခြံလမ်း၊ ရန်ကုန်ဘူတာကြီးဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ထီးတစ်လက်၏ မိုးကောင်းကင် ဝတ္ထုတိုနှင့် သုတ၊ ရသ စာစုများ




စာရေးဆရာ (၁၁) ဦး စုပေါင်းရေးသားထားသည့် ထီးတစ်လက်၏ မိုးကောင်းကင် ဝတ္ထုတိုနှင့် သုတ၊ ရသ စာစုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဘုတလင်မောင်လှနိုင်၏ ဘာသာအလင်း သာသနာအလင်း အမြဲထွန်းလင်းတောက်ပသည်။ ခတ်ပုံ ရဲကျော်သူ၏တမာရွက်ကလေးတွေ နုပြန်ပေါ့။ ဌေးဌေးနွယ် (မနွယ်)၏ အချစ်ဆိုသောအရာ၊ ခင်စုစုအောင် (မြောက်ဥက္ကလာ)၏ ပြည်ပန်းညို ချိုပါလျက်၊ ဆွေဆွေ (ပေဖူးလွှာ)၏ ပန်းသခင် ပန်းမခင်လေမှတော့၊ နွေကံ့ကော် (မြို့လှ)၏ အနှောင့်တိုပ်၊ ခင်လေး (ပြည်ထောင်စုနယ်မြေ)၏ အမေပန်တဲ့ စိန်နားကပ်၊ အောင်နိုင်ဦး (ဓုဓု)၏ လာစေချင်သည် အင်းလေးဆီ၊ ယဉ်ယဉ်(ဘက်ရဲ)၏ ထီးတစ်လက်၏ မိုးကောင်းကင်၊ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)၏ ချစ်ရသူ သူတစ်ယောက်နဲ့၊ မိုးမြင့်သူ၏ အိုပယ် စသည့် ကလောင်ရှင် (၁၁)ဦး၏ ဝတ္ထုတို (၈)ပုဒ်နှင့် သုတ ရသ (၃)ပုဒ် စုစုပေါင်း (၁၁)ပုဒ်ပါရှိသည်။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ဖြင့် လူဖြစ်အောင် မွေးဖွားပြီး မိဘနှစ်ပါးက ရင်အုပ်မကွာ ပြုစုပျိုးထောင်ပေးခဲ့သော်လည်း အချိန်တန်အရွယ်ရောက်လာသောအခါ သိတတ်လိမ္မာသော သားသမီးနှင့် မသိတတ်သည့် သားသမီးတို့ ကွာခြားပုံကို အိုပယ်တွင် ပီပီပြင်ပြင် ဖော်ညွှန်းထားသည်။

စာအုပ်ကို ဖြူစင်မိုးစာပေ၊ ၀၉ ၂၆၇၄၅၂၂၀၁၊ အမှတ် (၂)၊ ဇင်ယော်လမ်း၊ (၂) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ချူးရွှေ-ပန်ကောက် တိုက်ပွဲကြီး




စာရေးသူများဖြစ်သည့် ဗိုလ်မှူးကြီး(ဟောင်း)လှမင်း၊ ဗိုလ်ကြီးတင့်ထူးရွှေ(အငြိမ်းစား)တို့ ရေးသားပြုစုသည့် ချူးရွှေ-ပန်ကောက် တိုက်ပွဲကြီး စာအုပ်ကို ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၎င်းစာအုပ်သည် "ချူးရွှေ-ပန်ကောက်တိုက်ပွဲကြီး" ကိုယ်တွေ့ဖြစ်ရပ်မှန်မှုရင်း (၂၀၁၇) အောက်တိုဘာလတွင် ထုတ်ဝေခဲ့သောစာအုပ်ကို ထပ်မံ၍ဖြည့်စွက် ရေးသားထုတ်ဝေခြင်းဖြစ်ပါသည်။

အဆိုပါစာအုပ်တွင် ဟိုပန်ဒေသ၊ တပ်မတော်၏ ခံစစ်ဖြန့်ခွဲပုံနှင့် အင်အား၊ ဟိုပန်ဒေသကို ရန်သူတိုက်စစ်ဆင်ခြင်း၊ တပ်မ(၉၉) နည်းဗျူဟာမှူးနှင့်တွေ့ဆုံခြင်း၊ တန်ပြန်တိုက်စစ်အတွက် တပ်မတော်စုဖွဲ့မှု၊ ဒုတိယဗိုလ်လှမင်း၏ တိုက်စစ်အတွေ့အကြုံများ၊ အလုပ်သင်ဗိုလ်တင့်ထူးရွှေ၏ ကိုယ်တွေ့ဖြစ်ရပ်များ၊ ချူးရွှေတိုက်ပွဲတွင် ပါဝင်သောအရာရှိများ၏ သုံးသပ်ချက်နှင့် အမြင်၊ ဗိုလ်မှူးကြီး ဝင်းဆွေ(အငြိမ်းစား)၏ ပန်လုံဒေသအတွေ့အကြုံများနှင့် ချူးရွှေ-ပန်ကောက် တိုက်ပွဲကြီး၊ ချူးရွှေတိုက်ပွဲဝင်စစ်သည်များနှင့် တွေ့ဆုံခြင်း၊ ချူးရွှေ-ပန်ကောက် တိုက်ပွဲတွင် တပ်မတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး ရရှိခဲ့သော ခမရ(၁၀၃)မှ ပုဂ္ဂိုလ်များ၊ ချူးရွှေ-ပန်ကောက် တိုက်ပွဲတွင် ကျဆုံးသွားသော ခမရ(၁၀၃)မှ စစ်သည်များ၏ အမည်စာရင်း၊ ပန်လုံခံစစ်စည်းတွင် တာဝန်ယူခဲ့သူများ၏ အကြောင်းအရာများပါဝင်သည်။

ယင်းစာအုပ်ကို နွယ်စာပေ အမှတ်(၆၇၂)၊ နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရခရိုင်၊ နေပြည်တော်၊ ဖုန်း - ၀၉ ၄၅၀၀၁၆၅၅၂၊ ၀၉ ၆၇၀၅၇၅၃၉၆၊ ၀၉ ၉၅၂၅၃၉၉၄၃ မှ ဖြန့်ချိထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

## " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး "** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် **" ဓမ္မနဲ့အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူသူတောင်သူများအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ကျွဲ၊ နွား ကာကွယ်ဆေးများထိုးနှံကြရန် တိုက်တွန်းပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

✤ ကျောဖုံးမှ

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ယနေ့စတင်ကျင်းပသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ၁၀ ရက်ကြာ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၃၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီအားပေးဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယနေ့ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# M–League အမည်ပြောင်းလဲခြင်း၊ Logo အသစ်မိတ်ဆက်ပွဲနှင့် Official Partnership Signing အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

၂၀၂၆–၂၀၂၇ ဘောလုံးရာသီမစတင်မီ MNL League အား M–League အမည်ပြောင်းလဲခြင်း၊ Logo အသစ်မိတ်ဆက်ပွဲနှင့် Official Partnership Signing အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီနာယက ဦးဇော်ဇော်က အမှာစကားပြောကြားပြီး မြန်မာနေရှင်နယ်လိဂ်လိုဂိုအသစ်ဖြစ်သော M League လိုဂိုအသစ် မိတ်ဆက်ခြင်းနှင့် ပါဝင်ယှဉ်ပြိုင်မည့် ကလပ်အသင်း ၁၂ သင်းမှ ကစားသမားများဖြင့် မိတ်ဆက်သည်။ ထို့နောက် စပွန်ဆာစာချုပ် ချုပ်ဆိုပွဲပြုလုပ်ပြီး မြန်မာလိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းနှင့် Official Title Partner ဖြစ်သည့် Grand Royal၊ Official Banking Pantner ဖြစ်သည့် AYA Bank၊ Official Payment Pantner ဖြစ်သည့် AYA Pay၊ Official Pantner များဖြစ်သည့် Lan Thit၊ KIA၊ မြန်မာ့ဩဘာ၊ ATOM၊ Alpine၊ Hey Play၊ Alpha Cement၊ AYA Sompo၊ Shwe Daing Yadanar၊ CP Five Star၊ Pyone Play၊ MRTV–4/ Channel 7၊ Dong Luc၊ Jocarbola၊ Genius Sports၊ Puma တို့မှ တာဝန်ရှိသူများ စာချုပ်ချုပ်ဆိုပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး တက်ရောက်လာသည့် သတင်းနှင့်စာနယ်ဇင်းမီဒီယာများမှ မေးမြန်းမှုများကို မြန်မာလိဂ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့က ဖြေကြားသည်။



၂၀၂၆–၂၀၂၇ ရာသီ M–League ပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်မှစ၍ အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာလိဂ်အနေဖြင့် ယခုရာသီတွင် Ranking Subsidy များ တိုးမြှင့်ပေးထားပြီး အဆင့်(၁)မှ (၁၂)အထိ အချိုးကျခွဲဝေပေးမည်ဖြစ်ကာ M–League ပြိုင်ပွဲတွင် ချန်ပီယံအသင်းအား ဆုကြေးငွေကျပ်သိန်း ၂၀၀၀ နှင့် ဒုတိယအသင်းအား သိန်း ၁၅၀၀၊ တတိယအသင်းအား ကျပ်သိန်း ၁၀၀၀၊ အဆင့်(၄) ကျပ်သိန်း ၈၀၀၊ အဆင့်(၅) ကျပ်သိန်း ၇၀၀၊ အဆင့်(၆) ကျပ်သိန်း ၆၀၀၊ အဆင့်(၇) ကျပ်သိန်း ၅၀၀၊ အဆင့်(၈) ကျပ်သိန်း ၄၀၀၊ အဆင့်(၉) ကျပ်သိန်း ၃၅၀၊ အဆင့်(၁၀) ကျပ်သိန်း ၃၀၀၊ အဆင့်(၁၁) ကျပ်သိန်း ၂၅၀၊ အဆင့်(၁၂) ကျပ်သိန်း ၂၀၀ တိုးမြှင့်ချီးမြှင့်မည်ဖြစ်သလို တစ်ပွဲချင်းစီအလိုက် အကောင်းဆုံးကစားသမားဆုရရှိသည့် ကစားသမားအား ယခင် ဆုကြေးငွေကျပ် သုံးသိန်းမှ ၁၀ သိန်း၊ တစ်ရာသီလုံး သွင်းဂိုးအများဆုံးဆုရရှိသူအား ယခင် ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် M–League ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းများကိုလည်း အခြေခံ Subsidy အဖြစ် ကျပ်သိန်း ၁၂၀၀ စီ ထောက်ပံ့မည်ဖြစ်ပြီး အိမ်ကွင်းလက်ခံကျင်းပနိုင်ပါက ကျပ်သိန်း ၄၀၀၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ကျပ်သိန်း ၂၀၀၊ ကလပ်လိုင်စင်သတ်မှတ်ချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ကျပ်သိန်း ၂၀၀ ထပ်တိုးထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

လိဂ်(၂)ပြိုင်ပွဲတွင်လည်း Ranking Subsidy များအဖြစ် အဆင့်(၁) ကျပ်သိန်း ၆၀၀၊ အဆင့်(၂) ကျပ်သိန်း ၄၀၀၊ အဆင့်(၃) ကျပ်သိန်း ၃၀၀၊ အဆင့်(၄) ကျပ်သိန်း ၂၀၀၊ အဆင့်(၅) ကျပ် ၁၇၅ သိန်း၊ အဆင့်(၆) ကျပ်သိန်း ၁၅၀၊ အဆင့်(၇) ကျပ် ၁၂၅ သိန်း၊ အဆင့်(၈) ကျပ်သိန်း ၁၀၀ တိုးမြှင့်ချီးမြှင့်မည်ဖြစ်သလို တစ်ပွဲချင်းစီအလိုက် အကောင်းဆုံးကစားသမားဆု ရရှိသည့် ကစားသမားအား ယခင် ဆုငွေကျပ် ၁ သိန်းမှ ၅ သိန်းအထိ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ – စိုးညွန့်သော်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈-D)၊ ဧရိယာ (၁၄. ၅ × ၆၀) ပေ၊ မြေကွက်တည်နေရာအမှတ် (၁၀၂၃-က)၊ အိမ်အမှတ် (၁၀၀)၊ သုခရတနာလမ်းရှိ ပါမစ်မြေအမျိုးအစား ဦးသောင်း (M/RGN-၀၀၀၁၆၀) အမည်ပေါက်ထံမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ယင်းမြေကွက်နှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟုဝန်ခံကြသော ၁။ ဦးခင်မောင်သိန်း (၁၂/သဃက (နိုင်) ၁၀၅၈၃၇)၊ ၂။ ဒေါ်မေမိုးဦး (၁၂/သဃက (နိုင်) ၁၆၂၈၆၆)၊ ၃။ ဒေါ်သန်းသန်းငွေ (၁၂/သဃက (နိုင်) ၁၀၅၈၃၃)၊ ၄။ ဒေါ်တင်ရွှေ (၁၂/သဃက (နိုင်) ၁၀၅၈၃၄)၊ ၅။ ဦးဝင်းမြင့် (၁၂/သဃက (နိုင်) ၁၀၅၂၉၁)၊ ၆။ မဖူးဖူးခန့် (၁၂/ဒဂတ (နိုင်) ၀၈၂၄၅၆)၊ ၇။ ဒေါ်သန်းသန်းအေး (၁၂/သဃက (နိုင်) ၁၄၀၃၆၀) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်ကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသော အထောက်အထားစာချုပ်စာတမ်း (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်နွယ်စိုး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၁၆)
အမှတ် (၃၅)၊ သဇင်ပန်းလမ်း၊ (က) ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၂၅၀၁၈၀၁၆

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၉/B၊မြေကွက်အမှတ်–၂၄၅၊မြေကွက်တည်နေရာအမှတ်(၂၄၅)၊ဖိုးဝဇီရာလမ်း၊(၃၉/B)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်နွယ်နွယ်လတ်(၁၂/လမတ(နိုင်)၀၁၇၁၁၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်–ဒေါ်နွယ်နွယ်လတ်(အပျိုကြီးဘဝဖြင့်ကွယ်လွန်)သဖြင့်ဦးထွန်းဇော်ဦး(၁၂/ဗဟန(နိုင်)၀၇၄၆၆၉)၊ဒေါ်နွယ်နွယ်လင်း(၅/ဆလက(နိုင်)၀၀၀၈၈၄)တို့မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်မောင်နှမအရင်းများတော်စပ်ကြောင်း၊၎င်းတို့မောင်နှမ(၂)ဦးမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အမွေစားအမွေခံကိုတ္တိမသား/သမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ကျမ်းကျိန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်းများ၊အိမ်ထောင်စုလူဦးရေစာရင်း၊ဂရန်၊နိုင်/ကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာရဲရင့် ✤ ပညာရွှေအိုး
ပွဲလယ်တင့် လူမခိုး

◆ ယနေ့မှ

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန်အသိပေးနှိုးဆော်ထားပါသည်။ မိုးကြီးမည့်သတိပေးချက်နှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ **မိုး/ဇလ**

❍ မြန်မာလိဂ်မှ

ပြန်လည် ကျင်းပခြင်းဖြစ်ပြီး လာရောက်ကြည့်ရှု အားပေးကြမည့် ပရိသတ်များအပြင် ဘောလုံးပွဲနှင့်အတူ အနုပညာရှင်များ၏ တေးသီချင်းဖျော်ဖြေမှုများ ကြည့်ရှုနိုင်မည့်အပြင် ကံစမ်းမဲလည်း ပါဝင်ခွင့်ရမည်ဖြစ်သလို ရရှိသည့် ကွင်းဝင်ကြေးအားလုံးကို ရေဘေးသင့်ပြည်သူများထံ လှူဒါန်းမည် ဖြစ်သောကြောင့် ဘောလုံးပွဲကြည့်ရင်း ကုသိုလ်ရမည့် အခွင့်အရေးပင်ဖြစ်သည်။ ဘောလုံးပွဲမစတင်မီ မွန်းလွဲ ၂ နာရီခွဲမှစ၍ ဖြိုးကြီး၊ ဖြိုးပြည့်စုံ၊ မေခလာ၊ ဂျူဝယ်စသည့်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည် ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၅၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

**ပြိုင်ဆိုင်မှုပြင်းထန်**

ရာသီကြို ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် နှစ်သင်း၊ နိုင်ငံခြားသားကစားသမား အရေအတွက်အပြည့် ခေါ်ယူထားသည့် နှစ်သင်း၊ လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် နှစ်သင်း၊ ချန်ပီယံဆုဖလားပေါင်းများစွာ ရယူဖူးသည့်နှစ်သင်း တွေ့ဆုံသည့်ပွဲဖြစ်သောကြောင့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်မည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြိုင်ပွဲ သမိုင်းတစ်လျှောက် လေးကြိမ်တွေ့ဆုံထားပြီး ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ် အနိုင်ရကာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ကြိမ် အနိုင်ရထားသည်။ MFF Charity Shield 2026 ရန်ပုံငွေကွင်းဖွင့်ဖလားပွဲကို ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပခဲ့ပြီး ယင်းကိုးကြိမ်တွင် ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းက သုံးကြိမ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက နှစ်ကြိမ်၊ မကွေးအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MNL**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပိုက်ကျော်ခြင်း အားကစားသမားများ တွေ့ဆုံယှဉ်ပြိုင်စေခြင်းဖြင့် အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖



## ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ (ဒုတိယအကျော့ပွဲစဉ်အဖြစ်) ဗီယက်နမ်အမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မိုင်ဒင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို ယင်းနေ့ည ၇ နာရီ ၁၅ မိနစ်တွင် MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## ယနေ့ ဖတ်စရာ


ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ငွေကျပ် ၄၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်၌ ငွေကျပ် သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေအားလျှပ်စစ် ဆောင်းပါး စာမျက်နှာ » ၁၅

M-League အမည်ပြောင်းလဲခြင်း၊ Logo အသစ် မိတ်ဆက်ပွဲနှင့် Official Partnership Signing အခမ်းအနားကျင်းပ စာမျက်နှာ » ၂၀


# မြန်မာလိဂ်ထိပ်သီးနှစ်သင်းကစားမည့် MFF Charity Shield 2026 ရန်ပုံငွေကွင်းဖွင့်ဖလားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာလိဂ် ထိပ်သီးကလပ်အသင်းနှစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလားပွဲကို ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ၏ ပထမဆုံးပြိုင်ပွဲဖြစ်သည့် MFF Charity Shield 2026 ရန်ပုံငွေ ကွင်းဖွင့်ဖလားပွဲကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံး စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ○



၂၀၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ တွေ့ဆုံစဉ်။

# MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် SGF Youth အသင်း ၁၀ ပွဲဆက်အနိုင်ရပြီး ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်

ရန်ကုန် ဩဂုတ် ၂၄

၂၀၂၆ MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀) ကို ဩဂုတ် ၂၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ SGF Youth အသင်း ၁၀ ပွဲဆက်အနိုင်ရပြီး ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ် (၁၀) တွင် FFU မင်းမဟော်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ TKA Star အသင်းက ဘူရှိဒိုအသင်းကို လေးဂိုး-နှစ်ဂိုး၊ United City အသင်းက Jullniss အသင်းကို ငါးဂိုး-သုံးဂိုး၊ SGF Youth အသင်းက Pacific Sun Far အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ စာမျက်နှာ ၉ ကော်လံ ၁ သို့ ★



SGF Youth အသင်းနှင့် Pacific Sun Far အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ယနေ့မှ ဩဂုတ် ၂၈ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ◆